ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်၊ သောကြာနေ့၊ (15-6-2007) (၅၃၄၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း စစ်တွေတပ်နယ် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲ တက်ရောက်အားပေး ရခိုင်ပြည်နယ် လေဘေးသင့် အိမ်ထောင်စုများအတွက် ဒုတိယအကြိမ် ထောက်ပံ့ရေးပစ္စည်းများနှင့် အလှူငွေ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး ထောက်ပံ့ရေးပစ္စည်းများကို စစ်ဆေး

နေပြည်တော် ဇွန် ၁၄

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ စစ်တွေတပ်နယ်၏ ၂၀၀၇–၂၀၀၈ ခုနှစ် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်က စစ်တွေတပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် ခြံစည်းရိုးကြက်ဆူကို ယခင်နှစ်က ဧက ၄၀၀ စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ဧက ၁၀၀၀ ဆက်လက် စိုက်ပျိုးရန် အစီအမံများ ချမှတ်ဆောင်ရွက်နေမှုများနှင့် ယခုစိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူ ငါးဧက စိုက်ပျိုးမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တပ်ရင်း၊ တပ်ဖွဲ့အလိုက် စိုက်ဧကများ သတ်မှတ်ပြီး အပြည့်အဝစိုက်ပျိုးရေး၊ ယခင်နှစ် စိုက်ပျိုးခဲ့သော အပင်များအနက် ပျက်စီးသော အပင်များကိုပါ အစားထိုး စိုက်ပျိုးသွားရေးတို့ကို မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ *

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရခိုင်ပြည်နယ် လေဘေးသင့် အိမ်ထောင်စုများအတွက် ဒုတိယအကြိမ် ထောက်ပံ့ရေးပစ္စည်းများနှင့် အလှူငွေပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

ကြေးမုံ
The Mirror

ဆောင်းပါး အညွှန်း

"NLD ခေါင်းဆောင် ဒေါ်စုကြည်က နိုင်ငံတော်အတွက် သူရေးဆွဲတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေကိုသာ သုံးရမယ်၊ ဒီမိုကရေစီနိုင်ငံဆိုတာလည်း သူဦးစီးမှုဖြစ်မယ်၊ တပ်မတော်က လုပ်တာ မလိုချင်ဘူးတဲ့လေ။ အဲဒါ ကိုယ်ကျိုးနဲ့ ပြည်သူ့အကျိုး ယှဉ်လာရင် ပြည်သူ့အကျိုးကို ဦးစားပေးရမည်ဆိုတဲ့ နိုင်ငံရေးသမားပီသသူရဲ့ ကျင့်စဉ်ကို လုံးဝ ဖောက်ဖျက်လိုက်တာပါပဲ"

ရဲဘော်တင်ရွှေ၏ ***"ကျွန်တော် နိုင်ငံရေးသမား"*** (ဆောင်းပါး) စာမျက်နှာ–၈၊၉

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၅-၆-၂၀၀၇
(သောကြာနေ့)

လယ်ယာမြေသစ်များ တိုးချဲ့ဖော်ထုတ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်

နိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် အဓိကကျသည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် နည်းလမ်း အသွယ်သွယ်ဖြင့် ကြိုးပမ်း ဖော်ဆောင်လျက်ရှိသည်။ စိုက်ပျိုးရေ ရရှိရေးအတွက် ဆည်မြောင်းတာတမံ စီမံကိန်းပေါင်း နှစ်ရာကို နိုင်ငံတစ်ဝန်း၌ တည်ဆောက်ပေးထားရာ လယ်မြေ ဧက ၂ ဒသမ ၆၄ သန်းကျော်ကို စိုက်ပျိုးရေပေးဝေ အကျိုးပြုလျက်ရှိသည်။

ဧရာဝတီတိုင်းကဲ့သို့ စိုက်ပျိုးမြေ ကျယ်ပြန့်ပြီး ရာသီဥတု ကောင်းမွန်သောဒေသတွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းကောင်းများရှိသည်။ တိုင်းအတွင်း ဆည်တမံနှင့် ရေထိန်းတံခါးကိုးခုကို တည်ဆောက်ပေးထားရာ မြေလွတ်မြေရိုင်းနှင့် ရေအောက်မြေများကို ဖော်ထုတ်၍ သီးထပ်သီးနှံများ တိုးချဲ့စိုက်ပျိုးနေကြပြီဖြစ်သည်။

ယင်းအခြေအနေကောင်းများကြောင့်ပင် ဧရာဝတီတိုင်းအတွင်း ၂၀၀၆-၂၀၀၇ ခုနှစ်က အဓိကသီးနှံ မိုးစပါးဧက ၃၆ သိန်းကျော်နှင့် နွေစပါးဧက ၁၂ သိန်းကျော် စိုက်ပျိုးနိုင်ခဲ့ပြီး စပါးတင်း သိန်းသုံးထောင့်ရှစ်ရာကျော် ထွက်ရှိခဲ့သည်။ ဂုန်လျှော်၊ ချဉ်ပေါင်လျှော်၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံများနှင့် ဝါ၊ ကြံ၊ ပြောင်း စသည့်သီးနှံများကိုလည်း လျာထားချက်နှင့်အညီ စိုက်ပျိုးလျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်က ဒေသတွင်း ဆက်သွယ်သွားလာရန် မော်တော်ကားလမ်းမိုင်ပေါင်း တစ်ထောင်ကျော်နှင့် ပေ ၁၈၀ နှင့် အထက် မြစ်ကူး ချောင်းကူးတံတားကြီး ၄၃ စင်းကိုလည်း တည်ဆောက်ပေးထားရာ လမ်းပန်းဆက်သွယ်ရေး ပိုမိုတိုးတက်ကောင်းမွန်လာသည်။ ရန်ကုန်တိုင်းနှင့် အခြားပြည်နယ်နှင့်တိုင်းများသို့ ရေလမ်းခရီးသာမက ကားလမ်းခရီးဖြင့်လည်း လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်လျက်ရှိသည်။

ယခုအခါ ဧရာဝတီတိုင်းအတွင်း မွေးမြူရေးကဏ္ဍ၌ ငါးကန်ဧက တစ်သိန်းတစ်သောင်းကျော်နှင့် ပုစွန်ကန်ဧက ငါးသောင်းခြောက်ထောင်ကျော် တိုးတက်ဖြစ်ပေါ်နေပြီး ကြက်၊ ဘဲများ မွေးမြူလျက်ရှိသည်။

ယနေ့အချိန်အခါတွင် ဧရာဝတီတိုင်းအတွင်း၌ သီးနှံစုံစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်လျက်ရှိပြီး ကုန်စည်စီးဆင်းမှုလည်း သွက်လက်မြန်ဆန်လျက်ရှိသည်။ ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် တောင်သူလယ်သမားတို့၏ ကြိုးပမ်းစွမ်းဆောင်မှုဖြင့် မြေလွတ်မြေရိုင်း လယ်ယာမြေသစ်များ တိုးချဲ့ဖော်ထုတ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်သည်နှင့်အမျှ ဒေသနှင့်နိုင်ငံတော်၏ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ ။

ပေးအပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ တာမွေမြို့နယ် ၁၆၆ လမ်းနေ နှစ်ဖက်မိဘများအား အမှူးထား၍ ဦးအောင်မြတ်-ဒေါ်မြင့်မြင့်စိန်၊ သားမောင်ရဲမြတ်သူ၊ သမီး မစန္ဒာ၊ မပန်းခြူးခြူး မိသားစုတို့က အလှူငွေ အမေရိကန်ဒေါ်လာ ၁၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝိနယ (ဝံသမေဒိနီ) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း အားကစားပြိုင်ပွဲများဝင်မည့် ရန်ကုန်တိုင်းကိုယ်စားပြု အားကစားသမားများအား တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တွေ့ဆုံမှာကြား

ရန်ကုန် ဇွန် ၁၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းသည် ဇွန် ၁၂ ရက် နံနက် ၇နာရီခွဲတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ၂၀၀၇ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) စားပွဲတင်တင်းနစ်၊ ရိုးရာခြင်းလုံး၊ ပိုက်ကျော်ခြင်း၊ ဂျူဒို၊ ကျွမ်းဘား၊ ကရာတေးဒိုပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ရန်ကုန်တိုင်းကိုယ်စားပြု အားကစားသမားများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ၂၀၀၇ခုနှစ်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ရန်ကုန်တိုင်းကိုယ်စားပြု အားကစားသမားများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ကျော်ကျော်ထွန်း၊ အားကစားအထောက်အကူပြု ကော်မတီဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ အားကစားအသင်း အုပ်ချုပ်သူများ၊ နည်းပြများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးက အမှာစကားပြောကြားရာတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အနေဖြင့် တပ်မတော်ဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင် အားကစားသမားများ ပေါ်ထွန်းလာစေရန်နှင့် အားကစားအဆင့်အတန်းမြင့်မားစေရန် ရည်မှန်း၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒိုင်း၊ ဖလား၊ တပ်မတော် (ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ၂၀၀၆ ခုနှစ် ပြိုင်ပွဲများတွင် ပြိုင်ပွဲအမျိုးအစား ၂၅ မျိုးကို အားလုံးဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး တံခွန်စိုက်ဒိုင်းဆု ၁၂ ခု ဆွတ်ခူးရရှိခဲ့ကြောင်း၊ ပြိုင်ပွဲဝင် အားကစားသမားများအနေဖြင့် တိုင်းစစ်ဌာနချုပ်၏ ဂုဏ်၊ အောင်မြင်မှု အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး တံခွန်စိုက်ဒိုင်းဆုကြီးများ ပိုမိုရရှိအောင် ကြိုးစားကြစေလိုကြောင်း၊ အသင်း၏ အောင်နိုင်ရေးကိုသာ အဓိကထား ယှဉ်ပြိုင်ကြစေလိုကြောင်း ပြောကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးကာ မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ် မွေးမြူလေ့ကျင့်သွားကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Geosynthetics နည်းပညာအကြောင်း ရှင်းလင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၄

မြန်မာနိုင်ငံမှ Agricultural & Industrial Development Co., Ltd.နှင့် မလေးရှားနိုင်ငံမှ Tencate-Geosynthetics Asia Sdn. Bhd တို့ ပူးပေါင်း ကျင်းပသည့် " Tencate Polyfelt Geosynthetics Application in Civil Engineering 2007" အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပရာ ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ စိတ်ပါဝင်စားသူများ၊ အင်ဂျင်နီယာများ တက်ရောက်ကြသည်။

ရှေးဦးစွာTencate Geosynthetic Asia Sdn Bhdမှ General Manager IR.Dr Loke Kean Hooiက Tencate နှင့်ပတ်သက်၍ အဖွင့်အမှာစကားနှင့် မိတ်ဆက်စကား ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် Technicals Markting Manager, Mr. Preedidhep Anujornက Geosynthesics Applications အားလည်းကောင်း၊ Geosynthetics နည်းပညာအသုံးပြုသည့် Soft Soil Stabilization, Road Paving, Filtration, Piled Embankments, Marine & Industrial Dewatering တို့နှင့် စပ်လျဉ်း၍ IR. Dr. Lode Kean Hooiက အသေးစိတ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် Regional Technical Support Engineer, Mr. Loh Wooi Chuanက Reinforced Soil Structureနှင့် စပ်လျဉ်း၍ လည်းကောင်း၊ Agricultural & Industrial Development Co., Ltd. မှ Sales Engineer, ဦးဝင်းမြင့်သန်းက Case Histories in Myanmar ကို မြန်မာနိုင်ငံ၌ Geosynthetics တွင်ကျယ်စွာ အသုံးပြုခဲ့သည့် စီမံကိန်းနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် Agricultural & Industrial Development Co., Ltd. Managing Director, U Soe Myintကကျေးဇူးတင်စကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

Geosynthetics နည်းပညာကို အသုံးပြုခြင်းဖြင့် Meterial Saving, Time Savingနှင့် Cost Saving တို့ဖြစ်စေ၍ တည်ဆောက်ရေး လုပ်ငန်းများတွင် သမားရိုးကျ နည်းစနစ် ထက် ငွေကြေးကုန်ကျမှု ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိသက်သာသည့်အပြင် တိုတောင်းသော အချိန်ကာလအတွင်း အောင်မြင်စွာ ဆောင်ရွက်၍ ရေရှည်တည်တံ့ခိုင်မြဲစေကြောင်း သိရှိရသည်။

ဝယ်ယူအသုံးပြုလိုပါက မြန်မာနိုင်ငံတစ်ဝန်းလုံးအား တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် ဖြန့်ချိလျက်ရှိသည့် A&ID Co., Ltd. အမှတ်-၁၅၆ သီရိရိပ်သာ (၂) လမ်း အောက်ကြည့်မြင်တိုင်လမ်းအလုံမြို့နယ် ရန်ကုန် ဖုန်း-၀၁-၂၂၉၈ ၂၆၊ ၀၁-၂၂၃၂၅၁၊၀၁-၂၁၂၀၁၅ တို့ သို့ဆက်သွယ်မှာကြား ဝယ်ယူနိုင်ကြောင်းနှင့် ကုမ္ပဏီမှ Technical Design နှင့် နည်းပညာရပ်အား Free of Charges ဖြင့် ဆောင်ရွက် ပံ့ပိုးကူညီလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✱ ရှေ့ဖုံးမှ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် ဝန်ကြီးများက ခြံစည်းရိုးကြက်ဆူပျိုးပင်များနှင့် မျိုးကိုင်းများကို စစ်တွေတပ်နယ်မှ တပ်ရင်း တပ်ဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များအား ပေးအပ်ကြပြီး ခြံစည်းရိုးကြက်ဆူ မျိုးကိုင်းနှင့် မျိုးစေ့များကို ပျိုးထောင်စိုက်ပျိုးပေးကြကာ ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

တက်ရောက်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့အဝင်၌ ကျင်းပသော ရခိုင်ပြည်နယ် မိုးစပါးစုပေါင်း ထွန်ယက်ခြင်းနှင့် မျိုးစေ့ချပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးဝင်းမြင့်က ရခိုင်ပြည်နယ်၏ မိုးစပါး စိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ပြည်နယ်အနေဖြင့် ဒေသဆန်ဖူလုံမှုရှိအောင် ဆောင်ရွက် ကြရန်လိုကြောင်း၊ အထွက်နှုန်းတိုးတက်ရေး၊ စိုက်ဧက ပိုမိုတိုးတက်ရေးတို့အတွက် တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် သုတေသနစိုက်ကွက်များ၌ အစေ့ချစက်ဖြင့် အစေ့ချ စိုက်ပျိုးနေမှု၊ ကြိုးတန်းစနစ်ဖြင့် တိုက်ရိုက်အစေ့ချ စိုက်ပျိုးနေမှုနှင့် စိုက်ပျိုးပွဲ၌ ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ၌ ကျင်းပသော ရခိုင်ပြည်နယ် လေဘေးသင့် အိမ်ထောင်စုများအတွက် ဒုတိယအကြိမ် ထောက်ပံ့ရေးပစ္စည်းများနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ပျိုးထောင်စိုက်ပျိုးပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း စစ်တွေတပ်နယ်၏ ၂၀၀၇–၂၀၀၈ ခုနှစ် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူ မျိုးကိုင်းများကို ပျိုးထောင်စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသော အခမ်းအနားသည် မိမိတို့ ကိုယ်တိုင်ကိုယ်ကျ ကျေးရွာများအထိ သွားရောက်၍ မထောက်ပံ့နိုင်သေးသော ကျန်မြို့နယ်နှင့် ကျေးရွာများရှိ လေဘေးသင့်ပြည်သူများအတွက် စုပေါင်းထောက်ပံ့သည့် အခမ်းအနားဖြစ်ကြောင်း။

လေဘေးသင့် မိသားစုများကို ဝန်ကြီးဌာန၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများက မြန်မာတို့၏ ဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ ဝိုင်းဝန်းကူညီပံ့ပိုးခြင်း၊ ထောက်ပံ့ရေးပစ္စည်းများနှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းခြင်းတို့ဖြင့် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တာဝန်ယူကြီးကြပ်၍ ပျက်စီးမှုများကို အချိန်မီပြန်လည် ပြုပြင်တည်ဆောက်နိုင်သည်ကို မိမိသွားရောက်ခဲ့သည့် ကျေးရွာများတွင် တွေ့မြင်ရကြောင်း။

ဝိုင်းဝန်းပါဝင်

ကြုံတွေ့ခဲ့သည်များအပေါ် သုံးသပ်၍ နောင်တွင် အလားတူ ဘေးအန္တရာယ်များအတွက် ကြိုတင်သတင်းရယူ၍ ကြိုတင်အသိပေး နှိုးဆော်ခြင်း၊ ဘေးကြုံရစဉ် ဝိုင်းဝန်းပူးပေါင်း၍ လိုအပ်သည်များကို လုပ်ဆောင်ခြင်းတို့အပြင် ဘေးအန္တရာယ်ကျရောက်သူ မိသားစုများကို နိုင်ငံတော်က လိုအပ်သော ကူညီပံ့ပိုးမှုများကို မြန်နိုင်သမျှမြန်စွာ ဖြည့်ဆည်းပေးသကဲ့သို့ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များကလည်း ဝိုင်းဝန်းပါဝင် ကူညီပံ့ပိုးလှူဒါန်းကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် လေဘေးသင့် မိသားစုများအတွက် ဒုတိယအကြိမ် ထောက်ပံ့ရေးပစ္စည်းများနှင့် အလှူငွေများပေးအပ်ခြင်း အစီအစဉ်ကို ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် ငွေကျပ်သိန်း ၁၂၀၀ တန်ဖိုးရှိ စောင်အထည် ၄၅၀၀၊ ရွက်ဖျင်တဲ အလုံး ၄၀နှင့် ရေဘူးအလုံး ၉၆၀ တို့ကို တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်ထံ ပေးအပ်သည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ငွေကျပ် ၁၆၂၀၇၅၀၀ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း ယူနစ် ၂၁၆၁ခု၊ တန်ဖိုး ကျသင့်ငွေကျပ် ၁၈၂၀၀၀၀၊ သေဆုံးထောက်ပံ့ကြေး ငွေကျပ် ၁၄သိန်းနှင့် ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိသော သွပ်ချပ်ရေ ၄၀၀၀ တို့ကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ငွေကျပ် သိန်း ၂၀၀ တန်ဖိုးရှိသော Emergency kits ဆေးပုံး ၅၀ ကိုလည်းကောင်း၊ အလှူရှင်များကိုယ်စား ကုန်ပို့လုပ်ငန်းကိုယ်စားလှယ် ဦးကျောက်တောင်က အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေကျပ် ၁၇၇၀၉၀၀၀ ကို လည်းကောင်း တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်ထံ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထောက်ပံ့ရေးပစ္စည်းများ ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး လေဘေးသင့် မိသားစုများအတွက် ဒုတိယအကြိမ် လှူဒါန်းသည့် ထောက်ပံ့ရေးပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့ကျင်းပသော ရခိုင်ပြည်နယ်၏ လေဘေးသင့် အိမ်ထောင်စုများအတွက် ဒုတိယအကြိမ် ထောက်ပံ့ပစ္စည်းနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် လှူဒါန်းမှုအရပ်ရပ်မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ရေးပစ္စည်းများနှင့် ငွေသားတန်ဖိုးမှာ ကျပ် ၁၅၉၄၂၇၅၀၀၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးနှင့် ဆေးပစ္စည်းများ၏ ငွေသားတန်ဖိုးမှာ ကျပ် ၂၀၀၀၀၀၀၀နှင့် စေတနာရှင်ပြည်သူများ၏ လှူဒါန်းငွေ၊ ပစ္စည်းများနှင့် ငွေသားတန်ဖိုးမှာ ကျပ် ၁၇၇၀၉၀၀၀ ဖြစ်ပြီး လှူဒါန်းမှုအစုစု၏ ငွေသားတန်ဖိုး စုစုပေါင်းမှာ ကျပ် ၁၉၇၁၃၆၅၀၀ ဖြစ်သည်။

လှူဒါန်းခဲ့ပြီးဖြစ်

ထို့ပြင် ပထမအကြိမ် ထောက်ပံ့ပစ္စည်းနှင့် အလှူငွေပေးအပ်ပွဲတွင်လည်း ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မျှော၊ ဝါး၊ ဓနိနှင့် သက်ငယ်ဖိုး ငွေကျပ် ၂၀၄ သိန်းနှင့် သွပ်ဖိုးငွေကျပ် ၂၇၅သိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ကယ်ဆယ်ရေးပစ္စည်းများနှင့် ငွေသားတန်ဖိုး ကျပ် ၁၆၇ သိန်းနှင့် စေတနာရှင်ပြည်သူများ လှူဒါန်းငွေကျပ် ၃၇ သိန်း စုစုပေါင်း ငွေကျပ် ၆၈၃ သိန်း လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ရခိုင်ပြည်နယ် လေဘေးသင့်အိမ်ထောင်စုများအတွက် ဒုတိယအကြိမ် ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ကြေးငွေများကို ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်ထံ ပေးအပ်စဉ်။

(သတင်းစဉ်)

ပျဉ်းမနား–ပင်လောင်းလမ်းပေါ် ရှိ လိန်းလီတံတား တည်ဆောက်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေးပြီး အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရန် မှာကြား

နေပြည်တော် ဇွန် ၁၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၁၃ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ ပျဉ်းမနား–ပင်လောင်းလမ်းအတိုင်း ထွက်ခွာပြီး ပင်လောင်းမြို့နယ် ပျဉ်းမနား–ပင်လောင်းလမ်း မိုင်တိုင်အမှတ် (၄၇/၃)တွင် ရှိသည့် လိန်းလီတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ရုံးသို့ ရောက်ရှိရာဝန်ကြီးအား စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာ ဦးတင်ဦးက တံတားတိုင်များ ဆောင်ရွက်နေမှု၊ တံတားတိုင် အုတ်မြစ် ဘိုးပိုင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တံတားချဉ်းကပ်လမ်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းပံ့ပိုးပေး

ယင်းနောက် ဝန်ကြီးက တံတားတိုင် ဆောင်ရွက်ထားရှိမှုကို သတ်မှတ်ထားသည့်တိုင်အမြင့် ရောက်သည်အထိ ရနိုင်သမျှ ဆောင်ရွက်ရန်၊ တံတားကြိုးထိန်းတိုင်နှင့် ကြိုးထိန်းခုံ လုပ်ငန်းတို့မှအပ ကျန်ချဉ်းကပ်တံတား၏ ဘိုးပိုင်လုပ်ငန်းများ၊ တံတားတိုင် လုပ်ငန်းများကို စက်ယန္တရားများ ထပ်မံဖြည့်ဆည်း ပေးထားပြီးဖြစ်သည့်အတွက် အရှိန်အဟုန်နှင့် ဆက်လက်ဆောင်ရွက်ကြရန်၊ တံတားချဉ်းကပ်လမ်းကို မိုးတွင်းကာလ ဖြစ်သော်လည်း ဆောင်ရွက်၍ ရနိုင်သမျှ ဆောင်ရွက်ကြရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးသည်။

လိန်းလီတံတားသည် သံကူကွန်ကရစ် ကြမ်းခင်း၊ သံမဏိသံပေါင်ကြိုးတံတားဖြစ်ပြီး ပင်မတံတားမှာ ပေ ၁၀၀၀၊ ချဉ်းကပ်တံတားမှာ ပျဉ်းမနားဘက်တွင် ပေ ၃၈၀ နှင့် ပင်လောင်းဘက်တွင် ပေ ၃၈၀ စုစုပေါင်း တံတားအရှည်ပေ ၁၇၆၀ ရှိပြီး ယာဉ်သွားလမ်း အကျယ် ၂၈ ပေ၊ လူသွားလမ်းတစ်ဖက် သုံးပေစီပါရှိကာ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန် ဖြစ်သည်။

ယခုအခါ ပျဉ်းမနားဘက် ချဉ်းကပ်တံတားတွင် တံတားအုတ်မြစ် ဘိုးပိုင်တူးခြင်း သုံးတိုင် ဆောင်ရွက်ပြီးစီး၍ တံတားတိုင် ကိုယ်ထည်နှစ်ခု ဆောင်ရွက်လျက်ရှိသည်။ ပင်လောင်းဘက် ချဉ်းကပ်တံတားတွင် တံတားတိုင် ငါးတိုင်၏ အုတ်မြစ်ဘိုးပိုင်တူးခြင်း လုပ်ငန်းမှာ တစ်တိုင် ဆောင်ရွက်ပြီးစီး၍ ကျန်တိုင်များ၏ ဘိုးပိုင်တူးခြင်း လုပ်ငန်းကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စုပေါင်းသွေးလှူဒါန်း

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဇွန် ၁၂ ရက်က ဒလမြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်းမှ ဒုတိယတပ်ရင်းမှူး အောင်မြင့် (လူမှုထူးချွန်တတိယဆင့်) ဦးဆောင်သော ကြက်ခြေနီတပ်ဖွဲ့ဝင် ၃၃ ဦးတို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အမျိုးသားသွေးဌာန၌ စုပေါင်းသွေးလှူဒါန်းကြစဉ်။

(က–ပ)

တရုတ်နှင့်ရုရှား ကုမ္ပဏီများ သဘောတူစာချုပ်များ ချုပ်ဆို

စိန့်ပီတာစဘတ် ဇွန် ၁၃

တရုတ်နှင့် ရုရှားကုမ္ပဏီများသည် နိုင်ငံတကာစီးပွားရေး ဖိုရမ်တစ်ရပ်တွင် စိုက်ပျိုးရေးလုပ်ငန်းမှသည် ကားထုတ်လုပ်ရေးလုပ်ငန်းအထိ ပါဝင်သည့် လုပ်ငန်းဆိုင်ရာ သဘောတူစာချုပ်များကို တနင်္လာနေ့တွင် ချုပ်ဆိုလိုက်သည်။

နှစ်နိုင်ငံကုမ္ပဏီများ ချုပ်ဆိုလိုက်ကြသည့် သဘောတူစာချုပ် ၁၉ ခုမှာ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံနီးပါး တန်ဖိုးရှိသည်။ စာချုပ်လက်မှတ်ရေးထိုးသည့် အခမ်းအနားကို တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် ဝူယီနှင့်ရုရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ် အလက်ဇန္ဒား ဇူကော့ဗ်တို့ တက်ရောက်ကြသည်။

တရုတ်နှင့်ရုရှားနိုင်ငံတို့မှာ ဆွဲဆောင်မှုရှိသည့် ဈေးကွက်များနှင့် ရင်းနှီးမြှုပ်နှံရန် သင့်လျော်သည့်ဒေသများ ဖြစ်ကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအတွက် ခိုင်မာသည့်စီးပွားရေး အုတ်မြစ်ကိုတည်ဆောက်ပေးခဲ့ကြောင်း၊ တရုတ်-ရုရှားကုန်သွယ်ရေးနှင့် စီးပွားရေး ဆက်ဆံမှုအစည်းအဝေးတွင် ဝူက ပြောကြားသည်။

(၁၁)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာ စီးပွားရေး ဖိုရမ်၌ပါဝင်ဆွေးနွေးမည့် တရုတ်ကိုယ်စားလှယ်အဖွဲ့၏ ခေါင်းဆောင်အဖြစ် ဝူက ဆောင်ရွက်သည်။

တရုတ်နှင့်ရုရှားနိုင်ငံတို့၏ နှစ်နိုင်ငံကုန်သွယ်မှု ပမာဏမှာ ၂၀၀၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၄ ဘီလီယံရှိပြီး ၂၀၀၅ ခုနှစ်ထက် ၁၅ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ နှစ်နိုင်ငံကုန်သွယ်မှု ပမာဏမှာ ၂၀၁၀ ပြည့်နှစ်ထက်နောက်မကျဘဲအမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ မှ ၈၀ အတွင်း ရောက်ရှိမည်ဟု တရုတ်နိုင်ငံသမ္မတ ဟူကျင်တောင်က ကြိုတင်ခန့်မှန်း ထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အပြည်ပြည်ဆိုင်ရာ အာကာသစခန်းယာဉ်တွင် ပြင်ဆင်မှုများ ပြုလုပ်နေသည့် အာကာသယာဉ်မှူး တစ်ဦးကို ဇွန် ၁၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရန်နှင့် ဆီးရီးယားတို့ကို စောင့်ကြည့်ရန် ထောက်လှမ်းရေးဂြိုဟ်တု အစ္စရေးလွှတ်တင်

ဂျေရုဆလင် ဇွန် ၁၃

အစ္စရေးနိုင်ငံသည် ဇွန် ၁၁ရက်က ထောက်လှမ်းရေးဂြိုဟ်တုသစ် တစ်လုံးကို လွှတ်တင်ခဲ့ကြောင်း၊ ဆီးရီးယားနှင့် အီရန်ကဲ့သို့သော နိုင်ငံများကို ထောက်လှမ်းမှုမြှင့်တင်ဆောင်ရွက်ရန်ဖြစ်ကြောင်း ကာကွယ်ရေးဌာန တာဝန်ရှိသူများက ပြောကြားသည်။

အစ္စရေးကမ်းခြေရှိ လေကြောင်းအခြေစိုက်စခန်းမှ အိုဖက်ခ်-၇ ဂြိုဟ်တုကို လွှတ်တင်ခဲ့ပြီး ယင်းဂြိုဟ်တုသည် ၂၀၀၂ခုနှစ်ကတည်းက အာကာသတွင်း လွှတ်တင်ထားသော အိုဖက်ခ်-၅ ဂြိုဟ်တုနှင့်လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ဂြိုဟ်တုသစ်သည် ကမ္ဘာ့မျက်နှာပြင်အထက် ကီလိုမီတာ ၂၀၀ အကွာမှ ကီလိုမီတာ ၅၀၀အတွင်း လှည့်ပတ်နေပြီး မြင်ကွင်းသစ်ဓာတ်ပုံများကို ရက်သတ္တပတ်ကုန်တွင် စတင်ပို့လွှတ်မည်ဟု မျှော်မှန်းထားသည်။

အီရန်ပြဿနာကို ဖြေရှင်းရန် အိုဖက်ခ်-၇ဂြိုဟ်တုက အထောက်အကူပေးမည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးဌာန အာကာသရေးရာဦးစီးမှူး ဟမ်အီရက်ဒ်က စစ်ဘက်ဆိုင်ရာ ရေဒီယိုသို့ ပြောကြားသည်။ လက်နက်များပြုလုပ်ရန်မဟုတ်ဟု အီရန်က ငြင်းဆိုထားသော်လည်း အီရန် ၏ နျူကလီးယား အစီအစဉ်ကို အနောက်အုပ်စုများစိုးရိမ်ပူပန်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

အစ္စရေးနိုင်ငံ ပါလ်မာခမ် လေတပ်စခန်းမှ ပစ်လွှတ်လိုက်သော ထောက်လှမ်းရေးဂြိုဟ်တုအား သယ်ဆောင်သွားသည့် ဒုံးယာဉ်ကို ဇွန် ၁၁ရက် က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယမြောက်ပိုင်း၌ ခေါင်မိုးပြိုကျ ငါးဦးထက်မနည်း သေဆုံး

နယူးဒေလီ ဇွန် ၁၃

အိန္ဒိယနိုင်ငံမြောက်ပိုင်း ချန်ဒီဂါမြို့ဈေးတွင် ဇွန် ၁၀ ရက်က ကွန်ကရစ်အမိုးပြိုကျရာ ငါးဦးထက်မနည်း သေဆုံးပြီး အပျက်အစီးများအကြား လူ ၂၀၀ ခန့် ပိတ်မိနေကြောင်း အိန္ဒိယရုပ်မြင်သံကြားဌာနက သတင်းထုတ်လွှင့်သည်။

အပျက်အစီးများကြား ပိတ်မိနေသူများကို ချန်ဒီဂါအုပ်ချုပ်ရေးဌာန၏ ကယ်ဆယ်ရေးအဖွဲ့၊ ရဲတပ်ဖွဲ့နှင့် အခြားဌာနများက ကယ်ဆယ်ရေးများ ပြုလုပ်လျက်ရှိသည်။ ကယ်ဆယ်ရေးလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ရန် အိန္ဒိယတပ်ဖွဲ့ကိုလည်း ခေါ်ယူခဲ့သည်။

ဆေးရုံသို့ တင်ပို့ထားသူ ၂၀ ကျော်ရှိကြောင်း၊ ၎င်းတို့သည် စိုးရိမ်ဖွယ်အခြေအနေမရှိကြောင်း သတင်းတွင် ဖော်ပြထားသည်။

မှောင်ရီမပျိုးခင် ကယ်ဆယ်ရေးလုပ်ငန်းကို အချိန်မီ အာရုံစိုက်လုပ်ကိုင်လျက်ရှိကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါအမိုးကို တည်ဆောက်ထားသည်မှာ နှစ် ၃၀ မျှရှိကြောင်း၊ အခင်းဖြစ်ပွားခဲ့သည့်ဈေးသည် အထူးသဖြင့် တနင်္ဂနွေနေ့ ညနေပိုင်း၌ ရောင်းဝယ်မှုများပြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အမေရိကန် အလာစကာပြည်နယ်၌ ဂျက်လေယာဉ်နှစ်စင်းတိုက်မိ

ဝါရှင်တန် ဇွန် ၁၃

အမေရိကန်ပြည်ထောင်စု၊ အလာစကာပြည်နယ်တွင် တနင်္လာနေ့က လေ့ကျင့်မှု ပြုလုပ်နေသည့် အက်ဖ်-၁၅ ဂျက်တိုက်လေယာဉ် တစ်စင်းသည် အခြားစစ်ဘက် ဂျက်လေယာဉ်တစ်စင်းနှင့် တိုက်မိသဖြင့် ပျက်ကျကြောင်း လေတပ်မှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အက်ဖ်-၁၅ တိုက်လေယာဉ်မှ လေယာဉ်မှူးအား စစ်ဆေးရုံသို့ တင်ပို့ထားသော်လည်း ထိခိုက်ဒဏ်ရာ မရရှိဟု ယူဆရကြောင်း ဖဲယားဘင့်ဒေသအနီးရှိ အီအယ်ဆင်လေတပ် အခြေစိုက်စခန်း၏ ပြောရေးဆိုခွင့်ရှိသူ ဂျင်နီအင်တန်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ မာမွတ်ဒီယာဒေသတွင် ကားဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော တံတားတစ်စင်းကို ဇွန် ၁၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဩစတြေးလျ အရှေ့တောင်ပိုင်း၌ မုန်တိုင်းတိုက်ခတ် သေဆုံးသူ ကိုးဦးအထိ တိုးလာ

ကာရစ်ဘီယံ ဇွန် ၁၃

ဩစတြေးလျနိုင်ငံ အရှေ့တောင်ပိုင်း နယူးဆောက်ဝေးပြည်နယ်တွင် ဇွန် ၁၀ ရက်က ပျောက်ဆုံးနေသူ၏ ရုပ်အလောင်းကိုတွေ့ရှိခဲ့ရာ ယင်းပြည်နယ်တစ်ဝန်း၌ မုန်တိုင်းကြောင့် သေဆုံးသူဦးရေတိုးလာပြီး ကိုးဦးရှိပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

နယူးကာဆယ်ကမ်းခြေမြို့ ဆင်ခြေဖုံးဒေသတွင် ဇွန် ၈ရက်ညက ရေလွှမ်းမိုးမှု ဖြစ်ပွားချိန်တွင် အသက် ၄၅နှစ်ရှိသူတစ်ဦး ပျောက်ဆုံးခဲ့ခြင်းဖြစ်ကြောင်း ဩစတြေးလျနိုင်ငံ အသံလွှင့်ဌာနက ထုတ်လွှင့်ခဲ့သည်။ ၎င်းသည် ရေစီးနှင့်အတူ မျောပါသွားသည်။ ၎င်းပျောက်သွားသည့်နေရာမှ ကီလိုမီတာများစွာအကွာတွင် ဇွန် ၁၀ရက်က အလောင်းကိုတွေ့ရှိခဲ့သည်။ ပျောက်ဆုံးလျက်ရှိသော မိသားစုဝင်ငါးဦး၏ ရုပ်အလောင်းကို ဇွန် ၈ရက်တွင်တွေ့ခဲ့သည်။ ဇွန် ၉ရက် ညက လိုဝါ၊ ဟန်တာဒေသတွင်အသက် ၂၉နှစ်ရှိ အမျိုးသားတစ်ဦးသစ်ပင်ပိ၍သေဆုံးခဲ့သည်။ ဇွန် ၈ရက်က တံတားပေါ်တွင် ရေစီးနှင့်မျောပါသွားသည့်ကားအတွင်း လူနှစ်ဦးသေဆုံးခဲ့သည်။

မုန်တိုင်းကြောင့် အသက်ဆုံးပါးခဲ့ရသူ မိသားစုဝင်များနှင့် မုန်တိုင်းဒဏ်ခံစားခဲ့ရသူများကို အရေးပေါ် အကူအညီပေးရန်လည်း ထုတ်ပြန်ကြေညာထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန် ခို့စ်ပြည်နယ်တွင် ကားဗုံးပေါက်ကွဲပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို ဇွန် ၁၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အမေရိကန်၏ လူကုန်ကူးမှုဆိုင်ရာ ထုတ်ပြန်ချက် မလေးရှားနှင့် ဖိလစ်ပိုင်တို့က ကန့်ကွက်

ကွာလာလမ်ပူ ဇွန် ၁၄

အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဌာနက လူကုန်ကူးသောနိုင်ငံများစာရင်းတွင် ဆိုးရွားစွာပါဝင်သည့် အခြေအနေရှိသော နိုင်ငံများစာရင်းကို ဇွန် ၁၃ရက်က ထုတ်ပြန်ကြေညာခဲ့သည်။ ထိုနိုင်ငံများစာရင်းတွင် အမေရိကန်၏မိတ်ဆွေနိုင်ငံများဖြစ်သော မလေးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံများကိုလည်း ထည့်သွင်းထားသည့်အတွက် ထိုနှစ်နိုင်ငံက အမေရိကန်အား မဟုတ်မမှန် ဖော်ပြကြောင်း ပြောဆိုပြီး ကန့်ကွက်ခဲ့ကြသည်။

ဝေဖန်ပြောကြား

မည်သည့်နိုင်ငံကမျှ မလေးရှားနိုင်ငံအပေါ် စုံစမ်းထောက်လှမ်းခြင်း၊ စွပ်စွဲပြောဆိုခြင်းနှင့် စီရင်ဆုံးဖြတ်ခြင်းမပြုနိုင်ဟု မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆရက်ဒ်ဟာမစ်အယ်ဘာက လူ့အခွင့်အရေးကိစ္စပါ ဖော်ပြချက်ကို ရည်ညွှန်း၍ ဝေဖန်ပြောကြားခဲ့သည်ကို စတားသတင်းစာက ဖော်ပြသည်။

လူကုန်ကူးမှုနှင့် အသက်မပြည့်သူများအား စော်ကားမော်ကားပြုလုပ်မှုများ မဖြစ်ပေါ်ရစေရန် ဖိလစ်ပိုင်အနေဖြင့် စွမ်းအားရှိသမျှ ဆောင်ရွက်နေကြောင်း၊ ထိုဆောင်ရွက်ချက်အထောက်အထားများ မိမိတို့တွင် အလုံအလောက်ရှိကြောင်း ဖိလစ်ပိုင်အထက်တန်းအရာရှိ အီဒွါဒိုအာမစ်ဘာက ဇွန် ၁၄ရက်တွင် ပြောကြားသည်။

ဖော်ပြထား

အမေရိကန်၏ ကမ္ဘာ့လူကုန်ကူးမှုအခြေအနေ နှစ်ပတ်လည်အစီရင်ခံစာတွင် အဆိုးရွားဆုံး ၁၆ နိုင်ငံစာရင်းကို ဖော်ပြထားသည်။ ထိုနိုင်ငံများစာရင်းတွင် ဘာရိန်း၊ ကူဝိတ်၊ အိုမန်၊ ကာတာ၊ အယ်လ်ဂျီးယားနှင့် နယူးဂီနီ စသည့်နိုင်ငံများ ပါဝင်သည်။

အရေးယူမှုခံရနိုင်

ဖော်ပြပါစာရင်းတွင် ပါဝင်နေသည့် အခြေအနေမှ တိုးတက်လာအောင် ဆောင်ရွက်နိုင်ခြင်းမရှိပါက အမေရိကန်မှ ပေးနေသောအကူအညီ ဖြတ်တောက်ခြင်း၊ ကမ္ဘာ့ဘဏ်နှင့် ငွေကြေးရန်ပုံငွေအဖွဲ့တို့မှ ချေးငွေဖြတ်တောက်ခြင်း စသည့်အရေးယူမှုများ ခံရနိုင်ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

အစ္စရေးသမ္မတအဖြစ် ရှီမွန်ပီရက်စ်အား ရွေးချယ်တင်မြှောက်

ဂျေရုဆလင် ဇွန် ၁၄

အစ္စရေးနိုင်ငံရေးလောက၏ သက်ကြီးရွယ်အိုတစ်ဦးဖြစ်သူ ရှီမွန်ပီရက်စ် (၈၃နှစ်)အား ဗုဒ္ဓဟူးနေ့က သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ကာဒီမာပါတီ၏ ခေါင်းဆောင် ပီရက်စ်သည် ဝန်ကြီးချုပ်အဖြစ် နှစ်ကြိမ်တိုင်တိုင် ရွေးချယ်တင်မြှောက်ခံခဲ့ရသူလည်းဖြစ်သည်။

ပီရက်စ်အား ဒုတိယအကျော့မဲပေးပွဲတွင် ပါလီမန်ရှိ အမတ် ၁၂၀အနက် ၈၆ဦး၏ ထောက်ခံမဲဖြင့် အစ္စရေးနိုင်ငံ၏ နဝမမြောက်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။ ပထမအကျော့ မဲပေးပွဲတွင် ထောက်ခံမဲ ၅၈မဲရရှိခဲ့သည်။***အမ်အင်အေ၊ရိုက်တာ။***

ဂါဇာကမ်းမြောင်ဒေသ၌ ဖာတာနှင့် ဟားမတ် လက်နက်ကိုင်များ တိုက်ပွဲများဖြစ်ပွားရာ သက်ကြီးရွယ်အို အမျိုးသမီးတစ်ဦးကို ဘေးကင်းရာသို့ ခေါ်ဆောင်လာသည်ကို ဇွန် ၁၃ရက်က တွေ့ရစဉ် (ဓာတ်ပုံ–အင်တာနက်)

ဘင်္ဂလားဒေ့ရှ်တွင် မြေပြို၊ ၉၉ ဦးသေဆုံး

ဒါကာ ဇွန် ၁၃

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းရှိ စစ်တကောင်းမြို့တွင် တနင်္လာနေ့က မြေပြိုမှုများဖြစ်ပွားခဲ့ရာ သေဆုံးသူ ၉၉ ဦးအထိ မြင့်မားခဲ့ပြီး အင်္ဂါနေ့မတိုင်မီအထိ အလောင်းများစွာ တွေ့ရှိထားကြောင်း ဆင်ဟွာသတင်းအရ သိရှိရသည်။

မိုးရေနှင့် ရွှံ့များရောနေသည့် မြေကြီးအတွင်း လူများဒါဇင်ချီ၍ ပျောက်ဆုံးနေဖွယ်ရှိသည်ဟု ရဲနှင့် မီးသတ်ဌာနက ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ် စစ်ဘက်နှင့် မီးသတ်ဌာနမှ ဝန်ထမ်းများက ပျောက်ဆုံးနေသူများကို ကယ်တင်ရန် လုပ်ငန်းများ စတင်လုပ်ကိုင်နေသည်ဟု စစ်တကောင်းတိုင်းမင်းကြီးဖြစ်သူ ရာမန်က ဆင်ဟွာသတင်းဌာနသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားသည်။

တောင်ခြေတွင် နေထိုင်သူအများစု ပျောက်ဆုံးလျက်ရှိရာ သေဆုံးသည့်ဦးရေ မြင့်မားလာနိုင်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

စစ်တကောင်းမြို့တွင် ၄၈ နာရီအတွင်း မိုးရေချိန် ၃၉၇ မီလီမီတာအထိ ရွာသွန်းခဲ့သည်။ စစ်တကောင်းမြို့၏ဒေသအများစုနှင့် ယင်းမြို့နှင့် ဆက်စပ်ရာဒေသများတွင် ရေသည် ဒူးဆစ်အထိ မြင့်တက်နေပြီး မိုးဒဏ်ကြောင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရေနံချက်စက်ရုံ တည်ဆောက်ရန် အာရှတွင် အီရန် ရင်းနှီးမြှုပ်နှံမည်

ကွာလာလမ်ပူ ဇွန် ၁၃

အာရှတိုက်တွင် ရေနံချက်စက်ရုံများ တည်ဆောက်မည့် အစီအစဉ်ကို အီရန်နိုင်ငံက အပြီးသတ်ရေးဆွဲလျက်ရှိကြောင်း၊ စုစုပေါင်း ရေနံချက်လုပ်နိုင်မည့် စွမ်းအားသည် တစ်နေ့လျှင် ရေနံစည် ၁ ဒသမ ၁ ဘီလီယံရှိကြောင်း အီရန်ရေနံလုပ်ငန်းဌာန ဝန်ကြီး ဆီရက်ဒ်ကာဇမ်ဗာဇီရီဟာမာနက်ချ်က ပြောကြားသည်။

တရုတ်၊ မလေးရှား၊ စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံတို့၌ ရေနံသန့်စင်စက်ရုံများ တည်ဆောက်မှုတွင် ရင်းနှီးမြှုပ်နှံရန် အီရန်နိုင်ငံက စီစဉ်လျက်ရှိသည်ဟု ရေနံဝန်ကြီး၏ ပြောကြားချက်ကို ကိုးကား၍ နယူးစထရိတ်တိုင်းသတင်းဌာနက ဇွန် ၁၃ ရက်တွင် ဖော်ပြသည်။

အချို့သော လုပ်ငန်းအသေးစိတ်ကို အပြီးသတ်စီစဉ်လျက်ရှိကြောင်း၊အခြားလုပ်ငန်းများနှင့်လည်း ဆက်လက်ဆွေးနွေးနေလျက်ရှိကြောင်း ဆီရက်ဒ်ကာဇမ်က ဇွန် ၁၂ ရက်တွင် ပြောကြားသည်။ နှစ်ဖက်အကျိုးစီးပွားအတွက် အာရှနိုင်ငံများကို အီရန်နိုင်ငံက ရေနံစိမ်း ထောက်ပံ့ပြီး ယင်းနိုင်ငံတို့တွင် ရေနံချက်လုပ်မည် ဖြစ်သည်။ အီရန်စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် ဥရောပနှင့် အာရှမှ ရေနံသုံးစွဲသည့် နိုင်ငံများကို ဆီရက်ဒ်ကာဇမ်က ဖိတ်ခေါ်ခဲ့သည်။

အီရန်နိုင်ငံသည် ကမ္ဘာ့ရေနံထုတ်လုပ်သည့် နိုင်ငံများတွင် ဒုတိယအများဆုံး ရေနံထုတ်လုပ်သည့် နိုင်ငံဖြစ်ကြောင်း၊ ရေနံသိုက်ပမာဏမှာ ရေနံစည် ၁၃၆ ဘီလီယံနှင့် ဓာတ်ငွေ့သိုက် ပမာဏ ကုဗမီတာ ၂၈ ဒသမ ၂ ထရီလီယံရှိကြောင်း၊ ကမ္ဘာ့စွမ်းအင်လုပ်ငန်းတွင် အီရန်နိုင်ငံသည် အဓိကကဏ္ဍတွင် ပါဝင်လာဖွယ်ရှိကြောင်း ၎င်းက ပြောကြားသည်။

အီရန်နိုင်ငံ၏ ရေနံထုတ်လုပ်နိုင်မှုသည် တစ်နေ့လျှင် ရေနံစည် ၅ ဒသမ ၃ သန်းရောက်ရှိရန် မျှော်မှန်းထားကြောင်း ၎င်းက ပြောကြားသည်။

နိုင်ငံတကာ စွမ်းအင်ဈေးကွက်တွင် အီရန်နိုင်ငံ ရောက်ရှိနေသည့် နေရာကို ထိန်းသိမ်းထားရန် ရည်ရွယ်ကြောင်း၊ ရေနံရောင်းချမှုကိုလည်း မြှင့်တင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အီရန်နိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် အမေရိကန် ဒေါ်လာ ၉၃ ဘီလီယံ လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

ကြေးမုံ The Mirror နိုင်ငံခြားသတင်းများ

ထိုင်းတောင်ပိုင်းတွင် ပစ်ခတ်မှုဖြစ်ပွား၊ လေးဦးသေဆုံး

ဗန်ကောက် ဇွန် ၁၄

ထိုင်းနိုင်ငံတောင်ပိုင်းရှိ မငြိမ်သက်မှုများဖြစ်ပွားရာ နယ်မြေ၌ သောင်းကျန်းသူများဟု ယူဆရသူများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လေးဦးသေဆုံးပြီး ရဲတပ်ဖွဲ့ဝင်ရှစ်ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ဇွန် ၁၃ရက်တွင် ဖော်ပြသည်။ အဆိုပါလေးဦးမှာ ဇွန် ၁၂ ရက်က နာရာသီဝပ်ပြည်နယ်ရှိ ရွာတစ်ရွာ၌ သေနတ်ဖြင့်ပစ်သတ်ခံရခြင်းဖြစ်သည်။ ထိုင်းတောင်ပိုင်း၌ ဖြစ်ပွားသော ဆူပူမှုများကြောင့် သေဆုံးသူဦးရေမှာ သုံးနှစ်အတွင်း၌ ၂၃၀၀ကျော် ရှိသွားပြီဖြစ်ကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့ တိရစ္ဆာန်ဥယျာဉ်၌ မွေးမြူထားသည့် ဒေါင်းဖြူတစ်ကောင်ကို ဇွန် ၁၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဥရောပသမဂ္ဂနှင့် အီရန် နျူကလီးယားပြဿနာ ဆွေးနွေးပွဲ ပျက်ပြား

ဗီယင်နာ ဇွန် ၁၃

အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်နှင့် ပတ်သက်သည့် ဥရောပသမဂ္ဂနှင့် အီရန်နိုင်ငံတို့၏ ဆွေးနွေးပွဲသည် တနင်္လာနေ့က ပျက်ပြားသွားပြီဖြစ်ကြောင်း သံတမန်များက ပြောကြားသည်။ အီရန်က အဏုမြူပုံး လုပ်နိုင်သည့် စွမ်းရည်ရနိုင်ဖွယ်ရှိသည်ဟူသောကိစ္စသည် စိုးရိမ်မကင်းဖြစ်စရာ ဖြစ်နေကြောင်း ကုလသမဂ္ဂ အဏုမြူစောင့်ကြည့် လေ့လာရေးအဖွဲ့က ပြောကြားသည်။

အီရန်နျူကလီးယား ဒုတိယညှိနှိုင်းရေးမှူး ဂျာဗက်ဗာအီဒီနှင့် ဥရောပသမဂ္ဂနိုင်ငံခြားရေးမူဝါဒဆိုင်ရာ ထိပ်တန်းအကြံပေးဖြစ်သူ ဇေဗီယာဆိုလာနာတို့၏ အစည်းအဝေးသည် ပျက်ပြားသွားပြီဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးအထောက်အကူပြု ပစ္စည်းများ လှူဒါန်း

ရန်ကုန် ဇွန် ၁၄

ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပညာရေးဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု လုပ်ငန်းများအတွက် မြောက်ဥက္ကလာပမြို့နယ်ရှိ မူလတန်းကျောင်း ၁၀ ကျောင်းသို့ စာသင်ခုံများ၊ စာရေးကိရိယာ၊ အဝတ်အထည်နှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက မြောက်ဥက္ကလာပမြို့နယ် ဘုမ္မာလမ်းမကြီးရှိ အမှတ်(၁၆) အခြေခံပညာမူလတန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး တက်ရောက်၍ စာသင်ခုံများအား ပေးအပ်လှူဒါန်းသည်။

ရှေးဦးစွာ စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က စာသင်ကျောင်းများသို့ စာသင်ခုံနှင့် အထောက်အကူပြုပစ္စည်းများ လှူဒါန်းရခြင်းနှင့် ပညာရေးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက မြောက်ဥက္ကလာပမြို့နယ်ရှိ အမက(၁)၊ အမက(၁၃)၊ အမက(၁၆)၊ အမက(၂၂)၊ အမက(၂၄)၊ အမက(၂၇)၊ အမက(၃၆)၊ အမက(၃၈)၊ အမက(၃၉)၊ အမက(၄၄)၊ မူလတန်းကျောင်း ၁၀ ကျောင်းသို့ စာသင်ခုံများ ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးနှင့် ကျောင်းသား ကျောင်းသူများက လက်ခံကြသည်။

လက်ခံ

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေ၊ စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် တာဝန်ရှိသူများက ဗလာစာအုပ်များ ပေးအပ်လှူဒါန်းကြရာ သက်ဆိုင်ရာ လက်ခံကြသည်။ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးနှင့် ကျောင်းသား၊ ကျောင်းသူများက လက်ခံကြသည်။

ကျေးဇူးတင်ပြောကြား

ယင်းနောက် အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာဒေါ်သက်သက်ဇင်၊ ဒေါ်ကြူကြူနှင့် ပဲခူးတိုင်းဒေသ စည်းရုံးရေးမှူး ဒေါ်ဝေဝေသင်းတို့က လက်ခံကြပြီး မြို့နယ်ပညာရေးမှူး ဦးစိန်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ အသိပညာပေးစကားဝိုင်းဖွဲ့ဆွေးနွေးကြစဉ်။

(မြို့တော်စည်ပင်)

ထိုမှတစ်ဆင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များသည် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း မြတ်ခရေခန်းမ၌ ပြုလုပ်သည့် အသိပညာပေး စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်၍ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံကာ အစုအဖွဲ့အလိုက် အသိပညာပေး စကားဝိုင်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသမီးအင်အား နိုင်ငံ့အား စွမ်းပကားဂုဏ်ဆောင် ဒို့ပြည်ထောင်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများအတွက် စာသင်ခုံများကို ပေးအပ်လှူဒါန်းစဉ်။ (မြို့တော်စည်ပင်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ ဆေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ လာရောက်လေ့လာ

ရန်ကုန် ဇွန် ၁၄

ဆေးတက္ကသိုလ်(၁) ရန်ကုန် နောက်ဆုံးနှစ် အပိုင်း(က) ကျောင်းသား၊ ကျောင်းသူ ၁၀၇ ဦးသည် ဆေးတက္ကသိုလ်(၁) ရန်ကုန် ကာကွယ်ရေးနှင့် လူမှုရေး ဆေးပညာဌာနမှ ဆရာ၊ ဆရာမ ငါးဦး ဦးဆောင်လျက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမသို့ ယနေ့နံနက် ၉ နာရီတွင် ရောက်ရှိကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာက အသင်းဖွဲ့စည်းပုံအဆင့်ဆင့်နှင့် အသင်း၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး စောင့်ရှောက်မှုလုပ်ငန်းများကို အသေးစိတ် ရှင်းလင်းပြောကြားပြီး အမှုဆောင် ညွှန်ကြားရေးမှူးက ထောင်စုနှစ်ရည်မှန်းချက်များနှင့် အသင်း၏လုပ်ငန်းစဉ်များ ဆက်စပ်ပုံတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင် ဆေးတက္ကသိုလ်(၁) အပိုင်း(က) ကျောင်းသား၊ ကျောင်းသူများသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဝင်းအတွင်းရှိ ရောဂါရှာဖွေရေးဆေးခန်းနှင့် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာန မူကြိုကျောင်းများသို့ လှည့်လည်ကြည့်ရှု လေ့လာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၇ ခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့ အခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၁၄



မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာ ဆေးတက္ကသိုလ်(၁) ရန်ကုန် နောက်ဆုံးနှစ် အပိုင်း(က) ကျောင်းသား၊ ကျောင်းသူများအား အသင်းဖွဲ့စည်းပုံ အဆင့်ဆင့်နှင့် အသင်း၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး စောင့်ရှောက်မှု လုပ်ငန်းများကို ရှင်းလင်းပြောကြားစဉ်။

(မိခင်/ကလေး)

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ကြီးမှူးကျင်းပသည့် ကမ္ဘာ့သွေးလှူရှင်များနေ့ အခမ်းအနားကို ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်သူနာပြုတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာသာလှရွှေ တက်ရောက်၍ အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ သွေးလှူရှင် စည်းရုံးရေးလုပ်ငန်းကော်မတီဝင်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းနှင့် လခြမ်းနီအသင်းများ၏ ကျန်းမာရေးဆိုင်ရာ ညှိနှိုင်းရေးမှူး (Federation, Health Coordinator) Ms. Jennifer Jolly၊ ရန်ကုန်မြို့ရှိ ဆေးရုံအုပ်ကြီးများ၊ ရောဂါဗေဒ ဆရာဝန်ကြီးများ၊ စုရပ် သွေးလှူရှင်များ၊ ပိုစတာပြိုင်ပွဲဆုရကျောင်းသား ကျောင်းသူများ၊ ပြည်နယ်နှင့်တိုင်းများမှ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ သွေးလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာသာလှရွှေက အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းနှင့် လခြမ်းနီအသင်းများ၏ ကျန်းမာရေးဆိုင်ရာ ညှိနှိုင်းရေးမှူး (Federation, Health Coordinator) Ms. Jennifer Jollyက ကမ္ဘာ့သွေး လှူရှင်များနေ့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ ဆုရကျောင်းသား၊ ကျောင်းသူများအား ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပိုစတာပြိုင်ပွဲ အထက်တန်းအဆင့် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဥ္စမ၊ အထူးဆု ရရှိသူ ရှစ်ဦးအား မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာသာလှရွှေနှင့် ပန်းပညာရှင်များ အသင်းတွဲဖက် အတွင်းရေးမှူး ဦးကြည်ဝင်းတို့က လည်းကောင်း၊ ပိုစတာပြိုင်ပွဲ အလယ်တန်းအဆင့် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဥ္စမ ဆုရသူ ရှစ်ဦးအား သွေးလှူဘဏ် တာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာသီတာအောင်နှင့် တာဝန်ရှိသူတို့ကလည်းကောင်း ဆုများကို ပေးအပ်ကြသည်။

ဆုများချီးမြှင့်

ယင်းနောက် သွေးလှူရှင် အကြိမ်(၁၀၀)အထက် လှူဒါန်းသူ ၂၈ ဦးအား ရန်ကုန်ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာ၊ အမျိုးသားဓာတ်ခွဲဌာနမှ ဒေါက်တာနေဝင်း၊ ရန်ကုန်တိုင်း မီးသတ်တပ်ဖွဲ့မှ ဦးအောင်ကျော်မြင့်တို့က လည်းကောင်း၊ သွေးလှူရှင် လူမှုထူးချွန်ဆုရသူ ၁၂ ဦးအား ရန်ကုန်သူနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မေအုန်း၊ အမျိုးသားဆေးရုံအုပ်ကြီး ဒေါက်တာအောင်ဝင်း၊ ရန်ကုန်ဆေးရုံသစ် ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်လှကျင်တို့က လည်းကောင်း ဆုများကို အသီးသီးချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ၌ သွေးလှူရှင် အများဆုံး ဆုရသော မိုးညိုမြို့နယ်အား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းနှင့် လခြမ်းနီအသင်းများ၏ ကျန်းမာရေးဆိုင်ရာ ညှိနှိုင်းရေးမှူး (Federation, Health Coordinator) Ms, Jennifer Jolly က ဆုများကို ချီးမြှင့်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

ယင်းနောက် ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ ဆုရပန်းချီပိုစတာများကို အခမ်းအနားသို့ တက်ရောက်လာကြသူများက လေ့လာကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

☆ ကျောဖုံးမှ

ယင်းနောက် နယ်မြေခံတပ်ရင်းမှ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး တင်မိုးကျော်က စိုက်ခင်း အမှတ်(၂)၌ ခြံစည်းရိုးကြက်ဆူပင် ဧက ၆၀ စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ ဧက ၄၀ စိုက်ပျိုးပြီးစီးကြောင်းနှင့် ကျန်ရှိသော ဧက ၂၀ တွင် စိုက်ပျိုးရန်အတွက် ကြိုတင်ပြင်ဆင်ထားမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြသည်များနှင့်စပ်လျဉ်း၍ တပ်မမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ခြံစည်းရိုး ကြက်ဆူပင်များ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် တပ်မမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်တို့က ခြံစည်းရိုးကြက်ဆူပင်များ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် တပ်မမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်တို့က ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်းရှိ အရာရှိ စစ်သည်နှင့်မိသားစုများက ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မဇင်းရေလှောင်တမံအနီးရှိ မဥ္ဇူသကာရာမ ကျောင်းတိုက်သို့ ရောက်ရှိပြီး ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစာရအား ဖူးမြော်ကြည်ညိုကာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မွန်းလွဲ ၁နာရီတွင် ပဲခူးမြို့နယ်ရှိ နယ်မြေခံ တပ်ရင်းသို့ ရောက်ရှိပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား ခေတ္တတပ်ရင်းမှူး ဗိုလ်မှူးရဲဝင်းကိုက ခြံစည်းရိုးကြက်ဆူပင် ဧက ၁၀၀ စိုက်ပျိုးရန် လျာထားရာ ၃၉ ဒသမ ၅ ဧက ရှင်သန်ဖြစ်ထွန်းမှု၊ ဧက ၅၀ ဖြည့်တင်းစိုက်ပျိုးမှုနှင့် စိုက်ပျိုးရန် ၁၀ ဒသမ ၅ ဧကကျန်ရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တပ်မမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြသည်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ခြံစည်းရိုး ကြက်ဆူပင်များ ရှင်သန်ဖြစ်ထွန်းရန်အတွက် ရေမဝပ်ရန် ရေနုတ်မြောင်းများ တူးဖော်ပြီး ပေါင်တင်၍ စိုက်ပျိုးရန်နှင့် တပ်အဝင်လမ်းတစ်လျှောက်၌ အရိပ်ရသည့် အကြီးမြန်သစ်ပင်များ စိုက်ပျိုးရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသော အရာရှိ စစ်သည်နှင့် မိသားစုများအား ခြံစည်းရိုးကြက်ဆူပျိုးပင်များ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ တပ်မမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်တို့က ခြံစည်းရိုး ကြက်ဆူပျိုးပင်များ ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် တပ်မမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်တို့က ခြံစည်းရိုး ကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်နှင့်မိသားစုများက ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြပြီး နယ်မြေခံတပ်ရင်း စိုက်ခင်းအတွင်း၌ အောင်မြင်ဖြစ်ထွန်းသီးပွင့်နေသည့် ခြံစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်လက်အောက်ခံ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား ယာယီရှင်းလင်းဆောင်၌ ဒုတိယတပ်ရင်းမှူး ဗိုလ်မှူးကြည်ဝင်းက တပ်ရင်း၌ ခြံစည်းရိုး ကြက်ဆူပင် ဧက ၁၀၀စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ ဧက ၉၀ စိုက်ပျိုးပြီးစီးမှု၊ ၁၀ဧက စိုက်ပျိုးရန် ကျန်ရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တပ်မမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြသည်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ခြံစည်းရိုး ကြက်ဆူပင်များ ရှင်သန်ဖြစ်ထွန်းရန် ပေါင်တင်စိုက်ပျိုးရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသော တပ်ရင်းရှိ အရာရှိ၊ စစ်သည်မိသားစုများအား ခြံစည်းရိုးကြက်ဆူပျိုးပင်များ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် တပ်မမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်တို့က ခြံစည်းရိုးကြက်ဆူပျိုးပင်များ ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တပ်ရင်းရှိ အရာရှိစစ်သည် မိသားစုများ ခြံစည်းရိုးကြက်ဆူပင်များစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နယ်မြေခံတပ်ရင်းရှိ စိုက်ခင်းနှင့် အောင်မြင်ဖြစ်ထွန်း သီးပွင့်နေသည့် ခြံစည်းရိုးကြက်ဆူပင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရန်ကုန်တိုင်းအတွင်းရှိ စီမံခန့်ခွဲရေးအဆင့်ရှိ အရာထမ်းများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပဲခူးမြို့ မဥ္ဇူသကာရာမကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစာရထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ရန်ကုန်တိုင်းရှိ ဘဏ္ဍာ/အခွန် အရာထမ်းများနှင့်တွေ့ဆုံ ကျွမ်းကျင်၊ ရိုးဖြောင့်၊ တာဝန်သိမှုတို့တွင် စံနမူနာပြဆောင်ရွက်ရန် မှာကြား

ရန်ကုန် ဇွန် ၁၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ရန်ကုန်တိုင်းအတွင်းရှိ စီမံခန့်ခွဲရေးအဆင့် အရာထမ်းများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ဇွန်လ ၁၀ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ ဦးစီးဌာန၊ လုပ်ငန်းဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာ့စီးပွားရေးဘဏ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန် ဦးစီးဌာနတို့မှ စီမံခန့်ခွဲရေးအဆင့် အရာထမ်းများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအခမ်းအနားတွင် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက စီမံခန့်ခွဲရေးအဆင့် အရာထမ်းများသည် ဌာနအသီးသီး၌ အရေးပါသည့် အခန်းကဏ္ဍ၌ တာဝန်ယူ ဆောင်ရွက်နေကြသူများဖြစ်၍ လုပ်ငန်းကျွမ်းကျင်မှု၊ ရိုးဖြောင့်မှန်ကန် တာဝန်သိမှုတို့တွင် စံနမူနာပြ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုတိုင်းသည် ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ကြရန်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများ မှန်ကန်မြန်ဆန် ထိရောက်စေရေး၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့် ကြပ်မတ်ကွပ်ကဲကြရန်ဖြစ်ကြောင်း၊ ရည်မှန်းချက်ပြည့်မီကျော်လွန်သည့် အခြေအနေတွင် တင်းတိမ်သာယာမနေဘဲ ရသင့်ရထိုက်၊ ဖြစ်သင့်ဖြစ်ထိုက်သည့် လုပ်ငန်းအောင်မြင်မှုများရရှိစေရေး အလေးထားကြိုးပမ်းကြရန်ဖြစ်ကြောင်း၊ ပြောင်းလဲတိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အကျိုးရှိစွာ အသုံးချနိုင်စေရန် ဦးစားပေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

▲ NLD မှ

ကျိုက်မရောမြို့နယ်၊ လှည်းကူးမြို့နယ်နှင့် အိမ်မဲမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲတို့သို့ပေးပို့သော နုတ်ထွက်လွှာများတွင် NLD ပါတီသည် နိုင်ငံရေးကို ဆောင်ရွက်နေခြင်းမဟုတ်ဘဲ နိုင်ငံနှင့်လူမျိုး ဒုက္ခရောက်စေမည့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံရေးလုပ်ရပ်များကိုသာ ရေးရှုဆောင်ရွက်နေကြောင်း၊ NLDပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှု မရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅–၆–၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှာဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးလက္ခဏာညွှန်းဖွဲ့တေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄:၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၂၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅:၃၅	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	မိုးလေဝသသတင်း
၆:၂၅	၁၂။	အမျိုးသားရေးလက္ခဏာညွှန်းဖွဲ့တေးကဗျာ
၆:၄၀	၁၃။	စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၆:၄၅	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပဲပေါင်မုန့်" (အပိုင်း–၁)**
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	အမျိုးသားရေးကခ္ခဏာညွှန်းဖွဲ့တေးကဗျာ
	၁၈။	စိုက်ပျိုးသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အထူးရဲ" အပိုင်း(၁၆)**
	၂၁။	သင့်အတွက်မနက်ဖြန်
	၂၂။	အပိတ်နှုတ်ဆက်စကား
	၂၃။	ပြီးပါပြီ။

လှူဒါန်း

ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်းနေ သုခစုစံ ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် အလှူငွေကျပ် ၄၅၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဗိုလ်မှူးလှသိန်း (ငြိမ်း) လက်ခံစဉ်။ (က–ပ)

ကျွန်တော် နိုင်ငံရေးသမား

ရဲဘော်တင်ရွှေ

“ဘဘက သာကူးလုပ်လိုက်တာပေါ့လေ”

လူလတ်ပိုင်းအရွယ် မြေးမ ခင်ဝါဝါရွှေက ကျွန်တော့်အိမ်ရောက်လာပြီး ခရီးရောက်မဆိုက် တွေ့တွေ့ချင်းပြောလိုက်သော စကားဖြစ်သည်။

သူမက သတင်းစာပါ ကျွန်တော်၏ဆောင်းပါးများကို ဖတ်ရှုရပြီး ၂၆–၅–၂၀၀၇ရက်နေ့က ကျွန်တော့်နေအိမ်တွင် ကျင်းပခဲ့သော “သတင်းစာရှင်းလင်းပွဲ”သတင်းကိုကြားပြီး အထက်ပါအတိုင်း ပြောလိုက်ခြင်းဖြစ်လေသည်။

သူမ ပြောလိုက်သောစကားမှာ ကျွန်တော် အလွန်ကြားချင်သော စကားပင်ဖြစ်သည်။ သူမစကားကို အကြောင်းပြု၍ ကျွန်တော် ဘာကြောင့် ဤသို့ နိုင်ငံရေးလောကသို့ တစ်ကျော့ပြန်ဝင်ရသည်ကို ရှင်းလင်းပြောကြားခွင့် ရနိုင်သည် မဟုတ်ပါလား။

“သမီးပြောတာ မှားနေတယ် သမီး၊ ဘဘက သာကူး မဟုတ်ဘူး သမီးရဲ့။ သမီးကို လိုတိုရှင်းမပြောဘူး၊ ရှည်ရှည်ဝေးဝေး ရှင်းပြမယ်၊ နားထောင်ဖို့သာပြင်”

“ဟုတ်ကဲ့ပါ ဘဘ၊ သမီး နားထောင်ချင်ပါတယ်”

“ဒီလို သမီးရဲ့။ ဘဘက အဖွဲ့အစည်းတစ်ခုမှာပါဝင်နေပြီး အဲဒီအဖွဲ့အစည်းနဲ့ ဆန့်ကျင်ဘက် အခြားအဖွဲ့အစည်းတစ်ခုဆီကို ဝင်ရောက်သွားတယ်ဆိုရင်တော့ သမီးပြောသလို သာကူးပေါ့။

“ဒါပေမယ့် ဘဘက ဒီလိုမဟုတ်ဘူးလေ။ **၁၉၉၀ ရွေးကောက်ပွဲပြီးကတည်းက ဘယ်အဖွဲ့အစည်းထဲမှ မပါခဲ့ဘူး။ လုပ်ဖော်ကိုင်ဖက်တွေက ဝါရင့်နိုင်ငံရေးသမား အုပ်စုဆိုပြီး လှုပ်ရှားကြရာမှာလဲ ဘဘမပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ NLDကို ဝန်းရံရမယ်ဆိုတဲ့ သူတို့ရဲ့ ဦးတည်ချက်ကို မကြိုက်လို့ပဲ၊ ဒီတော့ NLD နဲ့ဆိုတာက ပိုပြီး အလှမ်းဝေးတာပေါ့၊ ဘဘက နိုင်ငံရေးလေ့လာသူအဖြစ်နဲ့ပဲ လေ့လာနေခဲ့တယ်လေ”**

“ဘဘက ဘာဖြစ်လို့ ငြိမ်နေခဲ့ရတာလဲ”

“ဒီလိုလေ–ဘဘက **NLD နဲ့ NLD ကို ဝန်းရံနေတဲ့ နိုင်ငံရေးသမားတွေရဲ့ လှုပ်ရှားမှုဟာ ဒီမိုကရေစီ နိုင်ငံသစ်ထူထောင်ရေးအတွက် ဘယ်လောက်နီးစပ်နိုင်မလဲ၊ ဒီမိုကရေစီနိုင်ငံဖြစ်ဖို့ကို ဘယ်အင်အားစုက ပိုပြီးဆောင်ရွက်နိုင်မလဲ၊ ဒါကို အချိန်ပေးပြီး စောင့်ကြည့်လေ့လာနေခဲ့တာပါ။**

“သမီး သိထားဖို့ရာက ဘဘဟာ နိုင်ငံရေးသမားလေ။ ဆယ့်ခြောက်နှစ်သားအရွယ်ကတည်းက ကိုလိုနီလက်အောက်က လွတ်မြောက်ရေးအတွက် စတင်တိုက်ပွဲဝင်ခဲ့တဲ့ နိုင်ငံရေးသမားပါ။ ဂျပန်ခေတ်မှာလဲ ဖက်ဆစ်တော်လှန်ရေးလုပ်လို့ ဂျပန်ကင်ပေတိုင် ငရဲခန်းမှာ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရဖူးသလို အင်္ဂလိပ်နယ်ချဲ့အစိုးရ တက်လာတော့လဲ မတရားသင်းပုဒ်မနဲ့ ပခုက္ကူထောင်မှာ ချုပ်နှောင်ခံရတယ်။ ဖဆပလ ခေတ်မှာလဲ ပုဒ်မ (၅)နဲ့ ပခုက္ကူထောင်မှာပဲ တစ်နှစ်ကျော်ကျော်ကြာနေခဲ့ရတယ်။ ၁၉၅၈ ခုနှစ် အိမ်စောင့်အစိုးရလက်ထက်မှာတော့ သက်ဆိုင်ရာက အိမ်ကိုလာဖမ်းတုန်းမှာ ဘဘက အိမ်မှာမရှိလို့ လွတ်သွားပြီး ဝရမ်းပြေးဘဝနဲ့ ပထစအစိုးရတက်သည်အထိ နေခဲ့ရတယ်။ ထားပါတော့ သမီးရယ်၊ အဲဒီလိုပြောနေတာက ဘဘဟာ နိုင်ငံရေးသမားစစ်စစ်တစ်ယောက် ဖြစ်တယ်ဆိုတာ သိစေချင်လို့ပါ”

“ဟုတ်ကဲ့ ဆက်ပြောပါဘဘ၊ သမီးစိတ်ဝင်စားပါတယ်”

“အေးပြောမယ် စိတ်ချ။ **နိုင်ငံရေးသမားတစ်ယောက်ဟာ တကယ်လို့ ပြည်သူ့အရေးနဲ့ ကိုယ့်အရေး ယှဉ်လာရင် ကိုယ့်အရေးကို ဦးစားမပေးဘဲ ပြည်သူ့အရေးကို ဦးစားပေးရမယ်။ ပြည်သူ့အရေးနဲ့ နိုင်ငံတော်အရေး ယှဉ်လာရင်လည်း နိုင်ငံတော်အရေးကို ဦးစားပေးရမယ်။ ဒါဟာ နိုင်ငံရေးသမားတွေ လိုက်နာရမယ့် ကျင့်ဝတ်ပဲ။**

“နောက်တစ်ချက်က နိုင်ငံရေးမှာ ထာဝရ မိတ်ဆွေ၊ ထာဝရရန်သူ မရှိဘူး။ တူရင်ပေါင်းလုပ်၊ မတူရင်ခွဲလုပ်။ ဒါဟာ နိုင်ငံရေးသမားတွေ လိုက်နာနေတဲ့ ကျင့်စဉ်ပဲ။

“အဲဒီတော့ **ဘဘ ဘာ့ကြောင့် တပ်မတော်အစိုးရက ဦးစီးကျင်းပနေတဲ့ အမျိုးသားညီလာခံအောင်မြင်ရေး ကြိုဆိုထောက်ခံရတယ်ဆိုတာ ရှင်းပြမယ်။ နိုင်ငံရေးသမားတစ်ယောက်ဟာ မိမိအကျိုးနဲ့ ပြည်သူ့အကျိုး ယှဉ်လာရင် ပြည်သူ့အကျိုး ဦးစားပေးရမယ့်မူအရ ဘဘ ကြိုဆိုထောက်ခံလိုက်တာဖြစ်တယ် သမီး။**

“မလိုတမာသူတွေက ဘဘရဲ့ နိုင်ငံရေးသိက္ခာကို အပုပ်ချကြမှာကို ကြောက်ပြီး ဘာမှမလုပ်ဘဲနေတာထက် ပြည်သူ့အကျိုးအတွက် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းအောင် တာဝန်ယူထမ်းဆောင်နေတဲ့ဘက်ကို ထောက်ခံလိုက်တာဟာ အမှန်ကန်ဆုံးပဲလို့ ရဲရဲဆုံးဖြတ်လိုက်တာပဲ သမီး။

“ဘဘ စောင့်ကြည့်လေ့လာခဲ့တဲ့ ဆယ့်ခုနစ်နှစ်တာကာလအတွင်းမှာ NLD နဲ့ NLD ကို ဝန်းရံအားဖြည့်နေတဲ့ နိုင်ငံရေးသမား ဆိုသူတွေက နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်ကြီး အသွင်ကူးပြောင်းဖို့ လုပ်နေပါတယ်ဆိုတာ ဘယ်လောက်ထိ ခရီးရောက်ခဲ့သလဲ။

“သမီးလဲ သိပါတယ်လေ။ အဆန်မပါတဲ့ သကြီးန် အမြောက်ပစ်သလို အသံတွေသာကြားခဲ့ရပြီး ဘာမှ ခရီးမရောက်ခဲ့ပါဘူး။ သူတို့ကြောင့် ဒီမိုကရေစီနိုင်ငံတော်သစ်ဖြစ်ပေါ်လာဖို့နေနေသာသာ အရိပ်အယောင်တောင်မှ မမြင်မတွေ့ရဘူး မဟုတ်လား”

“ဟုတ်တယ်နော် ဘဘ၊ ပြည်တွင်းက နိုင်ငံရေးသမားတွေသာ မဟုတ်သေးဘူး။ ပြည်ပကို ထွက်ပြေးပြီး အော်ကြီးဟစ်ကျယ် ပြောနေကြတဲ့ ပြည်ပြေးတွေရဲ့ လုပ်ဆောင်ချက်ဟာလဲ ကနေ့ထိ ဘာမှဖြစ်လာတာ မတွေ့ဘူး”

“ဒါပေါ့သမီး၊ ဒီပြည်ပြေးဆိုတာတွေကလဲ တိုင်းတစ်ပါးမှာ ကိုလိုနီနယ်ချဲ့လက်သစ်တွေရဲ့ ပေးတာယူ၊ ကျွေးတာစား၊ ခိုင်းယစ်ပြီး ဗလာအမြောက်ပစ်တဲ့ အလုပ်ပဲလုပ်နေကြတာ။ တည့်တည့်ပြောရရင်တော့ ပြည်ပြေးလုပ်စားနေကြတာလေ သမီးရဲ။

“ဒါကြောင့် နိုင်ငံတော်မှာ ဒီမိုကရေစီနိုင်ငံဖြစ်ဖို့အရေးဟာ ပြည်ပနိုင်ငံရေးသမား ဆိုသူတွေရော လက်ရှိ ပြည်တွင်းနိုင်ငံရေးပါတီနဲ့ နိုင်ငံရေးသမားတွေကိုပါ ပြည်သူတွေ အားကိုးလို့ မရဘူးဆိုတာ ထင်ရှားနေတာပေါ့။

“ဩော်–ပြောရဦးမယ်၊ နိုင်ငံရေးသမားဆိုတာ ကိုယ့်အရေးထက် ပြည်သူ့အရေးကို ဦးစားပေးရမယ်ဆိုတာလေ၊ ဘဘရဲ့ နိုင်ငံရေးဘဝမှာ အရင်လဲ တစ်ကြိမ်လုပ်ခဲ့ဖူးတယ်။

“ဒီလိုသမီးရဲ့၊ ၁၉၆၂ခုနှစ် တော်လှန်ရေးအစိုးရရယ်လို့ တက်လာတော့ အစိုးရက “ဆိုရှယ်လစ်နိုင်ငံ ထူထောင်မယ်” လို့ အတိအလင်းကြေညာပြီး ရှေ့ဆောင်ပါတီအဖြစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ထူထောင်လိုက်တယ်။

“အဲဒီတုန်းက ဘဘတို့ ပမညတရဲ့ ဌာနချုပ်ခေါင်းဆောင် သခင်ချစ်မောင်(ဝိဓူရ) မန္တလေးတက်လာပြီး အထက်မြန်မာနိုင်ငံမှာရှိတဲ့ ရဲဘော်တွေနဲ့တွေ့ပြီး နိုင်ငံရေးအခြေအနေ ရှင်းလင်းပွဲလုပ်တယ်။

“သူပြောခဲ့တဲ့ စကားအနှစ်ချု
မြန်မာ နိုင်ငံကို ဆိုရှယ်လစ်နို
ကြိုးပမ်းခဲ့ကြတာ အနှစ်နှစ်အလလက
အခု တပ်မတော်က ဆိုရှယ်လစ်နိုင်ငံ
လိုက်ပြီ၊ အရေးကြီးတာက ဘယ်သူ
ဆိုရှယ်လစ်နိုင်ငံဖြစ်ဖို့က အဓိကပဲ၊
ကြိုဆိုထောက်ခံပြီး ပူးပေါင်းဆောင်ရွ
တယ်။

“ဒါဟာ နိုင်ငံရေးသမားကောင်း
သဘောထားပဲ သမီး။

**“အေး–ဒီနေရာမှာ စကားစပ်မိလို့
ခေါင်းဆောင် ဒေါ်စုကြည်က နိုင်ငံတေ
ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကိုသာသုံးရ
ဆိုတာလဲ သူဦးစီးမှ ဖြစ်မယ်၊
မလိုချင်ဘူးတဲ့လေ။ အဲဒါ ကိုယ်က
ယှဉ်လာရင် ပြည်သူ့အကျိုးကို
နိုင်ငံရေးသမားပီသသူရဲ့ ကျင့်စဉ်
လိုက်တာပါပဲ”**

“ဟုတ်တယ်နော် ဘဘ၊ ဒေ
အတ္တလွန်ကဲတာပဲနော်”

“အေး သူ့အကြောင်း ခဏ
ဆက်ရအောင်။ ဝိဓူရသခင်ချစ်မော
ဘဘလဲ သဘောပေါက်လက်ခံတာ
မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အား ကြိုဆို
ကို ဖွဲ့စည်းပြီး လှုပ်ရှားခဲ့တယ်”

“ဟုတ်ကဲ့ဘဘ၊ ဒါထက်ဘဘရဲ့

**“ပြောမှာပေါ့သမီးရယ်။ ခုတ
တိုးတက်သော ဒီမိုကရေစီ နိုင်
တပ်မတော်အစိုးရရဲ့ ကြိုးပမ်းမှုကြေ
နိုင်ငံရေးသမားမှ မလုပ်နိုင်တဲ့ အခြေ
ဆောင်ရွက်လို့ရနေတာတွေ့တော့
ကိုယ်ကျိုးမဖက်တဲ့ ခံယူချက်အတိုင်
အသွင်ကူးပြောင်းရေးလုပ်ငန်း အနေ
အောင်မြင်မှုရဖို့အတွက် ဘဘနဲ့
ရဲဘော်တွေ စုစည်းပြီး “အမျိုးသ
ထောက်ခံရေးအင်အားစု”ကို ဖွဲ့စည**

“ပြီးတော့ ဘဘတို့ရဲ့နိုင်ငံရေး သ
တွေအား အသိပေးဖို့ ဘဘရဲ့ ယုံကြည
ကို အခြေခံပြီး သတင်းစာမှာ
တင်ပြအသိပေးခဲ့တယ်။

“၂၆–၅–၂၀၀၇ရက်နေ့မှာ ဘ
ပွဲဦးထွက် လှုပ်ရှားမှုအဖြစ် ပြည်တွ
ဆရာကြီးများကို ဘဘအိမ်မှာဖိတ်
ရှင်းလင်းပွဲ ကျင်းပတယ်။ ကြေည
ထုတ်ပြန်ပြီး ပြည်သူတွေကို ပန်ကြ

**“နိုင်ငံတော်သစ် တည်ဆောက
ဘယ် နိုင်ငံရေးသမားတွေမှ မလုပ်နိုင
ကောင်းမွန်တဲ့ အခြေအနေအရပ်ရပ်
တပ်မတော်အစိုးရကို ထောက်ခံလိုက်
သမီး”**

“ဘယ်မှားပါ့မလဲ ဘဘရယ်၊
မြေးမ ခင်ဝါဝါရွှေက ထောက်ခံစက
နှစ်ယောက်တို့၏ အင်တာဗျူးပြီးဆုံးခ

တကယ်တော့ ကျွန်တော်သ
တစ်ယောက်ဖြစ်သည်နှင့်အညီ နိုင်ငံ
အရပ်ရပ်ကို အားလုံးထက် သာ
ဦးဆောင်တည်ဆောက်နိုင်ခဲ့သည့်
ထောက်ခံလိုက်ရခြင်းဖြစ်ပါသည်။

“နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ ဘယ်ပါတီ၊ ဘယ် နိုင်ငံရေးသမားတွေမှ မလုပ်နိုင်ဘဲ သူတို့ထက် သာလွန် ကောင်းမွန်တဲ့ အခြေအနေ အရပ်ရပ်ကို ဖန်တီးနိုင်စွမ်း ရှိတဲ့ တပ်မတော်အစိုးရကို ထောက်ခံလိုက်တဲ့ ဘဘဟာ မှားသလား သမီး”

"သူပြောခဲ့တဲ့ စကားအနှစ်ချုပ်ကတော့ ဒို့တစ်တွေ မြန်မာ နိုင်ငံကို ဆိုရှယ်လစ်နိုင်ငံအဖြစ်ထူထောင်ဖို့ ကြိုးပမ်းခဲ့ကြတာ အနှစ်နှစ်အလလကြာခဲ့ပြီ၊ နီးစပ်မှုမရှိဘူး၊ အခု တပ်မတော်က ဆိုရှယ်လစ်နိုင်ငံ ထူထောင်ဖို့ ကြေညာလိုက်ပြီ၊ အရေးကြီးတာက ဘယ်သူလုပ်လုပ် ဒို့လိုချင်တဲ့ ဆိုရှယ်လစ်နိုင်ငံဖြစ်ဖို့က အဓိကပဲ။ ဒို့တစ်တွေ ဝိုင်းဝန်းကြိုဆိုထောက်ခံပြီး ပူးပေါင်းဆောင်ရွက်ကြရမယ်လို့ ရှင်းပြတယ်။

"ဒါဟာ နိုင်ငံရေးသမားကောင်းတစ်ယောက်ရဲ့ အမြင်နဲ့ သဘောထားပဲ သမီး။

"အေး–ဒီနေရာမှာ စကားစပ်မိလို့ပြောရဦးမယ်။ NLD ခေါင်းဆောင် ဒေါ်စုကြည်က နိုင်ငံတော်အတွက် သူရေးဆွဲတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကိုသာသုံးရမယ်၊ ဒီမိုကရေစီနိုင်ငံဆိုတာလဲ သူဦးစီးမှ ဖြစ်မယ်၊ တပ်မတော်ကလုပ်တာ မလိုချင်ဘူးတဲ့လေ။ အဲဒါ ကိုယ်ကျိုးနဲ့ ပြည်သူ့အကျိုး ယှဉ်လာရင် ပြည်သူ့အကျိုးကို ဦးစားပေးရမည်ဆိုတဲ့ နိုင်ငံရေးသမားပီသသူရဲ့ ကျင့်စဉ်ကို လုံးဝဖောက်ဖျက်လိုက်တာပါပဲ"

"ဟုတ်တယ်နော် ဘဘ၊ ဒေါ်စုကြည်က တကယ် အတ္တလွန်ကဲတာပဲနော်"

"အေး သူ့အကြောင်း ခဏထား၊ ခုနကစကားကို ဆက်ရအောင်။ ဝိဇ္ဇာရသခင်ချစ်မောင်ရဲ့ ရှင်းလင်းချက်ကို ဘဘလဲ သဘောပေါက်လက်ခံတာမို့ မြို့ပြန်ရောက်တော့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အား ကြိုဆိုထောက်ခံရေးကော်မတီကို ဖွဲ့စည်းပြီး လှုပ်ရှားခဲ့တယ်"

"ဟုတ်ကဲ့ဘဘ၊ ဒါထက်ဘဘရဲ့ ရှေ့ခြေလှမ်းကကော"

"ပြောမှာပေါ့သမီးရယ်။ ခုတစ်ခါလဲ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးဆိုတာ တပ်မတော်အစိုးရရဲ့ ကြိုးပမ်းမှုကြောင့် ဘယ်ပါတီ၊ ဘယ် နိုင်ငံရေးသမားမှ မလုပ်နိုင်တဲ့ အခြေခံကောင်းတွေရတဲ့အထိ ဆောင်ရွက်လို့ရနေတာတွေ့တော့ ဘဘရဲ့ နိုင်ငံရေးမှာ ကိုယ်ကျိုးမဖက်တဲ့ ခံယူချက်အတိုင်း တပ်မတော်အစိုးရရဲ့ အသွင်ကူးပြောင်းရေးလုပ်ငန်း အနှောင့်အယှက်ကင်းကင်းနဲ့ အောင်မြင်မှုရဖို့အတွက် ဘဘနဲ့ ခံယူချက်ချင်းတူညီတဲ့ ရဲဘော်တွေ စုစည်းပြီး "အမျိုးသားညီလာခံ ကြိုဆိုထောက်ခံရေးအင်အားစု"ကို ဖွဲ့စည်းလိုက်တယ်။

"ပြီးတော့ ဘဘတို့ရဲ့နိုင်ငံရေး သဘောထားကို ပြည်သူတွေအား အသိပေးဖို့ ဘဘရဲ့ ယုံကြည်ချက်နဲ့ ခံယူချက်တွေကို အခြေခံပြီး သတင်းစာမှာ ဆောင်းပါးတွေရေးပြီး တင်ပြအသိပေးခဲ့တယ်။

"၂၆–၅–၂၀၀၇ရက်နေ့မှာ ဘဘတို့ အင်အားစုရဲ့ ပွဲဦးထွက် လှုပ်ရှားမှုအဖြစ် ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများကို ဘဘအိမ်မှာဖိတ်ကြားပြီး သတင်းစာရှင်းလင်းပွဲ ကျင်းပတယ်။ ကြေညာချက် အမှတ်(၁)ကို ထုတ်ပြန်ပြီး ပြည်သူတွေကို ပန်ကြားလိုက်တယ်။

"နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ ဘယ်ပါတီ၊ ဘယ် နိုင်ငံရေးသမားတွေမှ မလုပ်နိုင်ဘဲ သူတို့ထက်သာလွန်ကောင်းမွန်တဲ့ အခြေအနေအရပ်ရပ်ကို ဖန်တီးနိုင်စွမ်းရှိတဲ့ တပ်မတော်အစိုးရကို ထောက်ခံလိုက်တဲ့ဘဘဟာ မှားသလား သမီး"

"ဘယ်မှားပါ့မလဲ ဘဘရယ်၊ သိပ်မှန်တာပေါ့" ဟု မြေးမ ခင်ဝါဝါရွှေက ထောက်ခံစကားဆိုကာ မြေးအဘိုးနှစ်ယောက်တို့၏ အင်တာဗျူးပြီးဆုံးခြင်းသို့ တိုင်ခဲ့လေသည်။

တကယ်တော့ ကျွန်တော်သည် နိုင်ငံရေးသမား တစ်ယောက်ဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ အခြေအနေအရပ်ရပ်ကို အားလုံးထက် သာလွန်အောင်မြင်အောင် ဦးဆောင်တည်ဆောက်နိုင်ခဲ့သည့် တပ်မတော်အစိုးရအား ထောက်ခံလိုက်ရခြင်းဖြစ်ပါသည်။ ။

ပြည်တွင်းဖြစ် စပါးအခြောက်ခံစက် ခင်းကျင်းပြသပွဲ၊ တစ်မိုးနှစ်သီး စံပြစိုက်ကွက်နှင့် ခြစည်းရိုးကြက်ဆူနှင့် ဆီသပြေကြိတ်ခွဲစက်ပြပွဲသို့ တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်း တက်ရောက်အားပေး

ရန်ကုန် ဇွန် ၁၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်နှင့် ရွှေပြည်သာမြို့နယ်များ၌ ပြည်တွင်းဖြစ် စပါးအခြောက်ခံစက် ခင်းကျင်းပြသပွဲအခမ်းအနား၊ တစ်မိုးနှစ်သီး စံပြစိုက်ကွက်နှင့် အဆင့်မြင့်နည်းပညာဖြင့် တီထွင်ထုတ်လုပ်ထားသော ဆီသပြေ၊ ခြစည်းရိုးကြက်ဆူနှင့် ကြိတ်ခွဲစက်ပြပွဲတို့ကို တက်ရောက်အားပေးသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် အစုကြီးကျေးရွာ၌ကျင်းပသော သီးနှံစုံနှင့် စပါးအခြောက်ခံစက် ခင်းကျင်းပြသပွဲသို့ရောက်ရှိရာ Poly Ice Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းဟန်က အဆင့်မြင့် နည်းပညာဖြင့် ပြည်တွင်းဖြစ်တည်ဆောက်ထားသော Poly Rice အမျိုးအစား သီးနှံစုံနှင့် စပါးအခြောက်ခံစက်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်း စိုက်ပျိုးရေး မန်နေဂျာ ဦးကြည်ဟန်က ရန်ကုန်တိုင်းအတွင်း မိုးစပါး စိုက်ပျိုးရေးဆိုင်ရာ အချက်အလက်များ တစ်မိုးနှစ်သီးစိုက်ပျိုးရန် လျာထားချက်နှင့် စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းက ရန်ကုန်တိုင်းအတွင်း တစ်မိုးနှစ်သီး စပါးဧက သုံးသောင်း စိုက်ပျိုးရန်လျာထားခဲ့ရာ လက်ရှိအချိန်အထိ ဧက တစ်သောင်းနှစ်ထောင် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ စိုက်ပျိုး ရိတ်သိမ်းချိန်များတွင်လည်း မြန်မြန်ရိတ်၊ မြန်မြန်ခြွေ၊ မြန်မြန်အခြောက်ခံ၍ မြန်မြန်အမိုးအကာအောက် ရောက်ရှိရေး ရိတ်သိမ်းခြွေလှေ့စက်၊ အခြောက်ခံစက်များကို တွင်ကျယ်စွာ အသုံးပြုသွားရေးတို့ကို မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားပြီးတွင် တိုင်းမှူးနှင့် အဖွဲ့သည် ထန်းတပင်မြို့နယ်၊ အစုကြီး ကျေးရွာမှ တောင်သူ ဒေါ်စုစုအေး၏ တစ်မိုးနှစ်သီး စံပြစပါး စိုက်ကွက်နှစ်ဧကအား ကြိုးတန်းချ စိုက်ပျိုးနေမှုနှင့် Poly Ice Co., Ltd. က အဆင့်မြင့် နည်းပညာဖြင့် ပြည်တွင်း၌ ထုတ်လုပ်သော Poly Rice အမျိုးအစားသီးနှံစုံနှင့် စပါး အခြောက်ခံစက်ဖြင့် စပါးများ အခြောက်ခံ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုကာ ဌာနဆိုင်ရာနှင့် ဒေသခံ တောင်သူလယ်သမားများအား သီးနှံများလေလွင့်မှုနည်းပါးစေရေး စက်ယန္တရားများ၊ လယ်ယာသုံး စက်ကိရိယာများကို တွင်ကျယ်စွာ အသုံးပြုရေးတို့ကို မှာကြားသည်။

အဆိုပါ အခြောက်ခံစက်သည် မည်သည့်လောင်စာဆီမျှ သုံးစွဲရန်မလိုဘဲ တစ်နေ့လျှင် စပါးတင်း ၆၀၀ကို အခြောက်ခံနိုင်သည့်စက် တစ်မျိုး ဖြစ်သည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ရွှေပြည်သာ စက်မှုဇုန်(၁)၊ ကနောင်(၇)လမ်းရှိ"စွမ်းအား"စက်မှုလက်မှုလုပ်ငန်းမှ ထုတ်လုပ်သော အဆင့်မြင့် နည်းပညာဖြင့် တီထွင်ပြုလုပ်ထားသည့် ခြစည်းရိုးကြက်ဆူနှင့် ဆီသပြေ ကြိတ်ခွဲစက်ပြပွဲသို့ ရောက်ရှိကာ ကြိတ်စက်များနှင့် အမှိုက်သယ်လက်တွန်းလှည်းများကို လုပ်ငန်းရှင် ဦးဇော်လွင်ဦးက လိုက်လံ ရှင်းလင်းပြသသည်။

ထို့နောက် တိုင်းမှူးက ယခုကြိတ်ခွဲစက်သည် တစ်နာရီလျှင် ဆီသပြေစေ့ အခြောက် သုံးတင်း၊ ခြစည်းရိုးကြက်ဆူစေ့ ငါးတင်းကြိတ်ခွဲနိုင်သဖြင့် တစ်ပိုင်တစ်နိုင် ထုတ်လုပ်နိုင်သောစက်ဖြစ်၍ ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ထုတ်လုပ် အသုံးပြုသွားကြရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးက စက်မှုဇုန်တာဝန်ရှိသူများအား စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေး၊ ဇုန်အတွင်း သန့်ရှင်းသာယာလှပရေး၊ ရတနာတန်းဝင်အပင်၊ အရိပ်ရ လေကာပင်နှင့် စက်မှုကုန်ကြမ်း ခြစည်းရိုးကြက်ဆူပင်များ ရာသီချိန်အမီ စိုက်ပျိုးသွားကြရေးတို့ကိုမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်း ထန်းတပင်မြို့နယ် Poly Ice Co., Ltd. က အဆင့်မြင့်နည်းပညာဖြင့် ပြည်တွင်း၌ ထုတ်လုပ်သော Poly Rice အမျိုးအစား သီးနှံစုံနှင့် စပါး အခြောက်ခံစက်ဖြင့် စပါးများ အခြောက်ခံဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၅–၆–၂၀၀၇(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ အကပြိုင်ပွဲ
၈း၀၀ ၆။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၈း၁၀ ၇။ အတီးပြိုင်ပွဲ
၈း၂၀ ၈။ ဘော်ဘင်ရေလှောင်တမံ
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ English for Everyday Use.
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၄း၅၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅း၀၅ ၅။ လက်ဆင့်ကမ်းပေးဂီတတေး
၅း၁၅ ၆။ မြန်မာစာ၊မြန်မာစကား
၅း၃၀ ၇။ နှောင်းခေတ်တေးပဒေသာ
၅း၄၅ ၈။ **"နှစ်မြှာနတ်မိမယ်" (မင်းသူ၊မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ–အောင်ကျော်ကျော်)**
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၁။ သုတစုံလင်ရွှေဥာဏ်ရှင်
၇း၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေရောင်သမ်းသော အသည်းနှလုံး"(အပိုင်း–၁၁)**
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကံကြမ္မာနတ်သမီး"(အပိုင်း–၁၂)**
၁၇။ နောက်တစ်နေ့အစီအစဉ်
၁၈။ အစီအစဉ်ပြီး၏။

တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တရုတ်အာဆီယံအသင်း ဥက္ကဋ္ဌ မဒမ်ဂူရှုလျမ်နှင့်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇွန် ၁၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေး အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တရုတ်အာဆီယံအသင်းဥက္ကဋ္ဌ မဒမ်ဂူရှုလျမ် ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ပြန်လည် ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

ဧည့်သည်တော် မဒမ်ဂူရှုလျမ် ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် ဦးအောင်သိန်းလင်းနှင့် ဦးဉာဏ်ထွန်းအောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကွမ်မုနှင့် သံရုံးအဖွဲ့ဝင်များက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။**(ယာပုံ)**
(သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ကျီတော်ရပ်ကွက် အမှတ်(၁၂) အခြေခံပညာမူလတန်းလွန်ကျောင်းအား ငွေကျပ် ၂၅သိန်းကျော် အကုန်အကျခံကာပြုပြင်ခြင်း ဘက်စုံလုပ်ငန်းများတွင် ပါဝင်လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုပွဲကို ဇွန် ၁၀ ရက်က ကျောင်းခန်းမတွင်ပြုလုပ်ရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကို ဂုဏ်ပြုစကားပြောကြားစဉ်။ (၁၂)

ပြည်ပပို့ကုန်တိုးမြှင့်ရေး ညှိနှိုင်းအစည်းအဝေး ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်မှာကြား

နေပြည်တော် ဇွန် ၁၄

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ပြည်ပပို့ကုန်တိုးမြှင့်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၀ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး သီရိအဏ္ဏဝါ ခန်းမ၌ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်အေးက ပို့ကုန်တိုးမြှင့်ရေး တာဝန်ခွဲဝေပေးအပ်ထားမှုနှင့် ပြည်နယ်၊ တိုင်းအလိုက် လုပ်ငန်းအကောင်အထည် ဖော်နိုင်မှုကိုလည်းကောင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်က ရေထွက်ပစ္စည်း ပြည်ပပို့ကုန်လုပ်ငန်းရှင်များ၏ တိုးမြှင့်ထုတ်လုပ် တင်ပို့နေမှုနှင့် မွေးမြူထုတ်လုပ်ရေးနှင့် ပင်လယ်ပြင်ဖမ်းဆီးထုတ်လုပ်ရေး အပိုင်းအလိုက် အချိုးညီ တိုးမြှင့်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပြည်ပပို့ကုန် တိုးမြှင့်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဦးဟန်ထွန်းက ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်း ရည်မှန်းချက် ပြည့်မီရေးအတွက် ထပ်မံအားဖြည့် ဆောင်ရွက်သွားရမည့်ကဏ္ဍများကို လည်းကောင်း အသီးသီး ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသော ရေထွက်ပစ္စည်း ပြည်ပပို့ကုန် လုပ်ငန်းရှင်များအသင်း၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များအသင်းနှင့် ငါးရှဉ့်၊ ကဏန်းနှင့် အလှပြငါး မွေးမြူရေးလုပ်ငန်းရှင်များအသင်းတို့က လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ထပ်မံဆောင်ရွက်သွားရမည့် အခြေအနေ လိုအပ်ချက်များကို အသီးသီးဆွေးနွေး တင်ပြကြရာ တင်ပြချက်များအပေါ် ဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နှစ်ဖက်သောမိဘများအား ရည်စူးအမှူးထား၍ ကျေးဇူးတော်ရှင် အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ) အမှူးထားပြီး စစ်ကိုင်းတောင်ရိုး ဝါးချက် ဇီဝိတဒါနသံဃာ့ဆေးရုံတွင် အသုံးပြုရန်အတွက် ဇွန် ၁၀ ရက်(တနင်္ဂနွေနေ့)တွင် လူနာတင်မော်တော်ယာဉ် Toyota-Hiace Model (၂၀၀၆) တစ်စီးကို သံဃာ့ဆေးရုံ ကြီးကြပ်ထောက်ပံ့ရေးအဖွဲ့များ၏ ပဓာနဆရာတော် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တလက္ခဏ မဟာထေရ်အား စင်ကာပူနိုင်ငံနေ ဒေါက်တာစိုင်းကျော်ရွှေနှင့် ဇနီး ဒေါ်သန်းသန်းထွေး၊ သမီး နန်းမိုးပွင့်ဖြူ၊ နန်းသဒ္ဒါထက် မိသားစုတို့က လှူဒါန်းရာ သံဃာ့ဆေးရုံ ကြီးကြပ်ထောက်ပံ့ရေးအဖွဲ့(အောက်မြန်မာပြည်) ဦးဆောင်နာယက ဦးအေးဖေ သံအမတ်ကြီး(ငြိမ်း)က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (ကြေးမုံ)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ လူမှောင်ခို၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

ရန်ကုန် ဇွန် ၁၄

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲက ကြီးမှူးကျင်းပသော လူမှောင်ခို၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲအခမ်းအနားကို ဇွန် ၁၃ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ADK အထည်ချုပ်စက်ရုံ၌ ကျင်းပသည်။

ဟောပြောပွဲသို့ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကဒေါ်မာမာဝေ၊ ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် မင်္ဂလာဒုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ADK စက်ရုံ အမျိုးသမီးဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေက အမှာစကားပြောကြားသည်။ ထို့နောက် ADK စက်ရုံမှ စက်ရုံဝန်ထမ်းများကိုယ်စား ဝန်ထမ်းတစ်ဦးက ပေးအပ်သော အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများကို လက်ခံသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရန်ကုန်လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အထူးအဖွဲ့တာဝန်ခံ ဒုတိယရဲမှူး အေးအေးမြင့်က လူမှောင်ခို၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ဟောပြောသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့၊အမျိုးသမီးငယ်/ရွယ် လုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်မြတ်မြတ်ကျော်က "မြန်မာအမျိုးသမီးများအားကာကွယ်ရေးဆိုင်ရာဥပဒေများအကြောင်း"ကို ဟောပြောသည်။

ယင်းနောက်ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေက အသိပညာပေး ဟောပြောပေးသူများအား အမှတ်တရပစ္စည်းများ ပေးအပ်ပြီး ဟောပြောပွဲကို ရုပ်သိမ်းလိုက်သည်။

ဟောပြောပွဲအပြီးတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် အဖွဲ့သည် ADK စက်ရုံအတွင်းလှည့်လည်ကြည့်ရှုကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေထံ မင်္ဂလာဒုံမြို့နယ် ADK အထည်ချုပ်စက်ရုံဝန်ထမ်း အမျိုးသမီးများက အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများ ပေးအပ်စဉ်။ (သတင်းစဉ်)

ဇေယျဝတီဆရာတော် တရားဟောကြားမည်

ရန်ကုန် ဇွန် ၁၄

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သစ်ဆိမ့်ကုန်းရပ် အမှတ်(၅) မေခလမ်း မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော်ဘဒ္ဒန္တသောဘနသည်မိတ္ထီလာမြို့ရန်မျိုးအောင်ရပ်အဖွဲ့ခွဲအမှတ်(၁၂၇) မိုးကုတ်ရိပ်သာကြီးတွင် ဇွန် ၁၈ ရက်မှ ၂၄ရက်အထိ၊သာစည်မြို့နယ်ရွှေလုံတိုက်ကျောင်းဓမ္မရိပ်သာကြီးတွင် ဇွန် ၂၆ ရက်မှ ဇူလိုင် ၂ရက်အထိ၊ ကော့သောင်းမြို့ အေးမြကန်သာရပ် ၂ မိုင် ငါးသုံးလုံးတောင်ရှိ မြတ်ဗုဒ္ဓဒေသနာ ဝိမလကာရီ ဓမ္မရိပ်သာကြီးတွင် ဇူလိုင် ၁၀ ရက်မှ ၁၉ ရက်အထိ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေး အေရုံ၊ ဘီရုံ ပထမအကြိမ် ဒုလ္လဘရဟန်းခံ၊ ရှင်ပြုတို့က အလှူငွေကျပ် ၁၁၀၀၀၀ နှင့် ဆွမ်းပဒေသာပင်အတွက် ကျပ်ခြောက်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ အတွင်းရေးမှူးဦးအေးမြင့်ထံပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ကြက်ငှက်တုပ်ကွေးရောဂါစူးစမ်းရှာဖွေစစ်ဆေးချက်၊ အရေးယူဆောင်ရွက်ချက်နှင့် သတိပေးနှိုးဆော်ချက်သတင်း

ရန်ကုန် ဇွန် ၁၄

၁။ **ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်နိုင်ခဲ့ခြင်း (Outbreak containment)**
ရန်ကုန်တိုင်းအတွင်း ၂၈-၂-၂၀၀၇နေ့မှ ၃၁-၃-၂၀၀၇နေ့အထိ ဖြစ်ပွားခဲ့သော ကြက်ငှက်တုပ်ကွေးရောဂါကို ထိန်းချုပ်နိုင်ခဲ့သဖြင့် ကြက်၊ ဘဲ၊ ငုံး ရွှေ့ပြောင်းသယ်ဆောင်ရောင်းဝယ်မှုကန့်သတ်ချက်များကို ၂၂-၄-၂၀၀၇ ရက်မှစ၍ ပြန်လည်ရုပ်သိမ်းခဲ့ပြီး ပုံမှန်မွေးမြူထုတ်လုပ်ရွှေ့ပြောင်းသယ်ဆောင်မှုကို ခွင့်ပြုခဲ့ပြီးဖြစ်သည်။

၂။ **ရောဂါထိန်းချုပ်ပြီးနောက်ပိုင်းကာလ ရောဂါစူးစမ်းရှာဖွေစစ်ဆေးခြင်း (Post outbreak surveidance)** ရောဂါဖြစ်ပွားခဲ့သည့် မြို့နယ်များအတွင်း ရောဂါထိန်းချုပ်နိုင်ပြီးဖြစ်သော်လည်း မွေးမြူထုတ်လုပ်မှုသဘာဝ၊ ရေမြေသဘာဝ၊ ပတ်ဝန်းကျင်အခြေအနေအရ အပြည်ပြည်ဆိုင်ရာကျွမ်းကျင်သူ ပညာရှင်များနှင့် ပူးပေါင်းသတ်မှတ်ထားရှိသော ရောဂါကျရောက်မှုအန္တရာယ်ရှိနိုင်သည့် (High Risks)ဒေသများဖြစ်သော ရန်ကုန်တိုင်း၊ ပဲခူး(အရှေ့)၊ ဧရာဝတီတိုင်း၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းအတွင်းနှင့် ကြက်ဘဲဈေး၊ ငှက်ရိုင်းများနားခိုရာ ကချင်ပြည်နယ် အင်းတော်ကြီး၊ ပဲခူးတိုင်း မိုးယွန်းကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အင်းလေးဒေသများအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေစစ်ဆေးမှုများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

၃။ **ရောဂါရှာဖွေစစ်ဆေးတွေ့ရှိချက်နှင့်အရေးယူဆောင်ရွက်ချက်**

(က) ရောဂါစူးစမ်းရှာဖွေရေးလုပ်ငန်းကို ၂၀၀၇ခုနှစ် မေ ၇ရက်မှ ဇွန် ၉ရက်အထိ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း ကြက်ဘဲသွေးရည်ကြည်၊ ကြက်ဘဲလေပြွန်နှင့် စအိုမှနမူနာစုစုပေါင်း (၆၆၇၀)ကို စစ်ဆေးခဲ့ရာ မှော်ဘီမြို့နယ် ဘဲခြံတစ်ခြံရှိ ဘဲ၏သွေးရည်ကြည်၌ ကြက်ငှက်တုပ်ကွေးပဋိပစ္စည်းများတွေ့ရှိရသော်လည်း ဗိုင်းရပ်စ်ပိုး စွန့်ထုတ်ခြင်းမရှိသဖြင့် ၎င်းဘဲများအား ရွှေ့ပြောင်းမှုမပြုရန်နှင့် သားဖောက်မှုမပြုလုပ်ရန် ထိန်းချုပ်ထားခဲ့ပါသည်။

(ခ) အင်းစိန်မြို့နယ် ဥစားကြက်ခြံတစ်ခြံတွင် ကြက်ငှက်တုပ်ကွေးရောဂါပိုး (H5N1) စစ်ဆေးတွေ့ရှိသဖြင့် ခြံရှိကြက်များကို ရောဂါပျံ့နှံ့မှုအန္တရာယ်မှ ကာကွယ်ရန်အတွက် (Risk prevention) ၂၃-၅-၂၀၀၇နေ့တွင် ၈၅၁ ကောင်ကို ဖျက်ဆီးမြေမြှုပ်ခဲ့သည်။

(ဂ) ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း အထက်အပိုဒ်ခွဲ (က)-(ခ) နှစ်နေရာမှအပ စစ်ဆေးပြီးစီးသည့် ရောဂါနမူနာများ၌ ကြက်ငှက်တုပ်ကွေးရောဂါပိုး စစ်ဆေးတွေ့ရှိခြင်းမရှိပါ။

(ဃ) ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ခဲ့ခြင်းမရှိသော်လည်း ရောဂါအန္တရာယ် ကျရောက်ဖြစ်ပေါ်နိုင်သည့် နယ်မြေများအနက် ပဲခူးတိုင်း အရှေ့ခြမ်းနယ်မြေများရှိ ကြက်ခြံများအားရောဂါစူးစမ်းထောက်လှမ်းမှုပြုလုပ်ခဲ့ရာ ၃-၆-၂၀၀၇ နေ့ ပဲခူးမြို့၊ ဥစားကြက်ခြံတစ်ခြံတွင် ကြက်ငှက်တုပ်ကွေးရောဂါပိုး H 5 သံသယ စစ်ဆေးတွေ့ရှိခဲ့ပြီး ကူးစက်ပျံ့နှံ့မှုကို ကြိုတင်ကာကွယ်မှုတစ်ရပ်အနေဖြင့် ကြက်ကောင်ရေ ၉၆၀ အား ၄-၆-၂၀၀၇နေ့တွင် သုတ်သင်ဖျက်ဆီးခဲ့သည်။ ဆက်လက်စစ်ဆေးချက်အရ ၈-၆-၂၀၀၇နေ့ ကြက်ငှက်တုပ်ကွေးရောဂါ H5N1 အတည်ပြုစစ်ဆေးတွေ့ရှိခဲ့သည်။

(င) ပဲခူးမြို့ အသားစားကြက် ၁၀၀၀ မွေးမြူထားသော ကြက်ခြံတစ်ခြံ၌ ၃-၆-၂၀၀၇နေ့မှ၉-၆-၂၀၀၇နေ့အထိ ကြက် ၇၂ ကောင်သေဆုံးမှုရှိခဲ့သဖြင့် ရောဂါထောက်လှမ်းခြင်း၊ ဓာတ်ခွဲခန်းစစ်ဆေးခြင်းများကို ၎င်းရက်များအတွင်း ဆက်တိုက်စိစစ် စစ်ဆေးဆောင်ရွက်ခဲ့ရာ ကြက်ငှက် တုပ်ကွေးရောဂါ Type-A H5N1 စစ်ဆေးမတွေ့ရှိရပါ။ ကူးစက်တတ်သော ကြက်ဆီအိတ်ရောင်ရောဂါ (Inifeclious bursal disease) ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။ ကြက်ခြံရှိကြက်များအား လိုအပ်သည့်ဆေးဝါးများ တိုက်ကျွေးစေ၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှစောင့်ကြည့် စစ်ဆေးအကူအညီပေးခဲ့သည်။

၄။ **နှိုးဆော်ချက်**

ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်စ်ပိုး အကြွင်းအကျန်များ လည်ပတ်နေသေးကြောင်း (Virus Ciculatory)၊ သို့ဖြစ်၍ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် အောက်ပါအတိုင်း ပူးပေါင်းဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

(က) မျိုး ကြက်၊ ဘဲခြံများနှင့်စီးပွားဖြစ်မွေးမြူရေးကြက်၊ ဘဲ၊ ငုံးခြံများရှိ ကြက်၊ ဘဲ၊ ငုံးများအား မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ကြက်ငှက် တုပ်ကွေးရောဂါ ရှာဖွေစစ်ဆေးမှုကို ခံယူပါရန်။

(ခ) မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုမြှင့်တင်ရန်။

(ဂ) ထူးခြားသော ကြက်၊ ဘဲ သေဆုံးမှုရှိပါက မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနသို့ ဆောလျင်စွာသတင်းပို့ရန်။

(ဃ) ကြက်ခြံလုပ်သားများ ကြက်၊ ဘဲ ခုတ်ထစ်၊ ရောင်းချ၊ ချက်ပြုတ်သူများအနေဖြင့် လိုအပ်သလို တစ်ကိုယ်ရေ ကာကွယ်ရေးပစ္စည်း (လက်အိတ်၊ နှာခေါင်းစည်း) အသုံးပြုရန်နှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးတိုင်း လက်ကို ဆပ်ပြာဖြင့် သေချာစွာဆေးကြောရန်။

(င) ကြက်၊ ဘဲဒိုင်နှင့် ကြက်၊ ဘဲ၊ ငုံး ရောင်းဝယ်ဖောက်ကားသူများအနေဖြင့် ကျန်းမာသော ကြက်၊ ဘဲ၊ ငုံးများကိုသာ လက်ခံရောင်းချရန်။

(စ) တရားမဝင်တင်သွင်းသည့် ကြက်သားပေါက်များနှင့် ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ဆေးများ လုံးဝအသုံးမပြုရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် လမ်း၃၀နေ ဦးဇော်လင်းအောင်-ဒေါ်မိမိလှိုင်၊ သားမောင်မြတ်မင်းခန့်မိသားစုတို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)ထံပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ဖြိုးစေတနာ (အခမဲ့)ဆေးကုခန်း ဖွင့်ပွဲကျင်းပ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်ဖွင့်လှစ်

ရန်ကုန် ဇွန် ၁၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ)၊ ရန်ကုန် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယမန်နေ့ နံနက် ၈နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ရွှေဆံတော်ရပ်ကွက် ရွှေဆံတော်ဘုရားလမ်းရှိ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စီစဉ်မှုဖြင့် တွံတေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ဖြိုးစေတနာ (အခမဲ့)ဆေးကုခန်းဖွင့်ပွဲနှင့် ဆေးပဒေသာပင်အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဆေးကုခန်းကို ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ တွံတေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ဖြိုးစေတနာ(အခမဲ့) ဆေးကုခန်း ဖွင့်ပွဲကို မြို့နယ်အသင်းရုံးရှိ အဆိုပါ ဆေးကုခန်းရှေ့၌ ကျင်းပရာ မင်္ဂလာ အချိန်၌ ဗဟိုအလုပ်အမှုဆောင်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်တို့က ဖြိုးစေတနာ(အခမဲ့) ဆေးကုခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အမှာစကားပြောကြား

ထို့နောက် ဖြိုးစေတနာ(အခမဲ့) ဆေးကုခန်းဖွင့်ပွဲနှင့် ဆေးပဒေသာပင် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဗဟိုအလုပ်အမှုဆောင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်၊ မြို့တော်ဝန်ထံ တွံတေးမြို့နယ်မှ ပြည်သူများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၁၅၅၀ နှင့် အခြေခံပညာ အထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ အသင်းဝင်အဆိုပြုလွှာ ၂၄၁ စောင်ကို မြို့နယ်အသင်း အတွင်းရေးမှူး ဒေါက်တာ သိန်းဇော်မြင့်နှင့် မြို့နယ်ပညာရေးမှူး ဦးကြင်ရွှေတို့က ပေးအပ်ကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်နှစ်သိန်း၊ ဦးအုန်းကြွယ်–ဒေါ်ခင်စန်းရီ (ငါးမွေးမြူရေး)၊ ဦးဘသက်–ဒေါ်ခင်ရီ (ငါးလုပ်ငန်း)၊ ဦးဝင်းကျော်–ဒေါ်ခင်မြ (ငါးလုပ်ငန်း)နှင့် ဦးလှရွှေ–ဒေါ်ဌေးဌေး (ငါးလုပ်ငန်း)တို့က ငွေကျပ်ငါးသိန်းစီ၊ ဦးလှခိုင်–ဒေါ်အေးမြိုင်(ငါးလုပ်ငန်း)၊ ဦးခင်ဝင်း – ဒေါ်သောင်းမြင့် (ငါးလုပ်ငန်း)၊ ဦးသိန်းထွန်း–ဒေါ်ကြည်ကြည်မြင့်တို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးလှငွေ – ဒေါ်အေးအေးမာ (ငါးလုပ်ငန်း)၊ ဦးငွေသောင်း(ငါးလုပ်ငန်း)၊ ဦးသန်းအေး(ငါးလုပ်ငန်း)နှင့် ဦးဌေးကြွေ – ဒေါ်ခင်သီတာဝင်း (ဆန်စက်လုပ်ငန်း)တို့က ငွေကျပ် တစ်သိန်းစီကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ရန်ကုန်တိုင်းအသင်း အတွင်းရေးမှူး ဦးအေးမြင့်နှင့် တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ (၁၉)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တိုင်းအတွင်းရေးမှူး ဦးအေးမြင့်တို့ ဖြိုးစေတနာ (အခမဲ့)ဆေးကုခန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၁၉)

အိုလံပစ်နေ့အထိမ်းအမှတ် ရေကူးနှင့် မြားပစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၄

၂၀၀၇ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ်အဖြစ် ရေကူးပြိုင်ပွဲနှင့် မြားပစ်ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အိုလံပစ်နေ့ ရေကူးပြိုင်ပွဲကို ဇွန် ၁၈ရက်တွင် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်တွင် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် မီတာ ၅၀၊ ၁၀၀၊ ၂၀၀၊ အလွတ်ကူး၊ ရင်ပေါင်တန်းကူး၊ ပက်လက်ကူးနှင့် လိပ်ပြာကူးပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဇွန် ၁၆ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ အမျိုးသားရေကူးကန်ရှိ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်သို့ စာရင်းပေးသွင်းနိုင်သည်။

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်မှကြီးမှူးကျင်းပမည့် အိုလံပစ်နေ့အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲကို ဇွန် ၂၇ရက်တွင် ကျိုက္ကဆံကွင်းရှိ မြားပစ်အဖွဲ့ချုပ်တွင် ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် အကြီးတန်း Recurve နှင့် Compound မီတာ ၇၀ မြား ၇၂ချောင်း Olympic Round အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း ရှုံးထွက်ပွဲစဉ်များ ပါဝင်မည်ဖြစ်ပြီး လူသစ်တန်းပြိုင်ပွဲတွင် Recurve အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်းပွဲစဉ်များ ပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်နှင့် မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး ဖုန်း–၅၅၇၄၃၂၊ ၀၉၅၁–၃၄၃၁၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

The LIVE NEWS ဂျာနယ် အမှတ်(၃၉) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၁၄

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The LIVE NEWS ဂျာနယ် အမှတ်(၃၉)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

ကမ္ဘာ့ဝိပဿနာစေတီတော်ကြီးသို့ မြန်မာနိုင်ငံမှ သိန်း ၄၀၀ကျော်တန် နေပူခံ စကျင်ကျောက်တုံးများ ပေးပို့လှူဒါန်း၊ ဂျပန်နိုင်ငံမှ တင်သွင်းလာသော RBE Rail Bus ခြောက်စီးထပ်မံရောက်ရှိ၊ မြန်မာလူငယ်များအတွက် ဂျပန်နိုင်ငံတွင် အလုပ်အကိုင်ရရှိနိုင်မည့် အခွင့်အလမ်း၊ ရန်ကုန်နှင့် အဲကွန်းဘတ်စ်ကြီးများ ပြန်လည်ဆုံစည်းကြတော့မည်။ မဏ္ဍရာမင်းသားကြီး၏ စာကြည့်တိုက်၊ မြန်မာစာ မြန်မာစကား၊ လှပစွာလည်သောဝဠ်၊ ရန်ကုန်မြို့ကြီးက အဓိကလမ်းမကြီးတွေရဲ့ သမိုင်းကြောင်း (ကမ်းနားလမ်းမကြီး The Strand) တန်ဖိုးကြီးသည့် သစ်ငုတ်တို၊ ဘေဘဲလ်(BABEL)၊ မှိုင်းမှုန်မီးခိုးများကြားမှ အလင်းတန်းခပ်ရေးရေး(သို့မဟုတ်) ဂျီ–၈ ထိပ်သီးဆွေးနွေးပွဲ၊ PQ4(သို့မဟုတ်) သမ္မတပူတင်၏ ကွင်းဖွင့်ရွှေ့ကွက်၊ စီအိုင်အေ လျှို့ဝှက်အကျဉ်းစခန်းများ၌ ဖမ်းဆီးခံထားရသူများတွင် ခုနစ်နှစ်သားကလေးငယ်ပင်ပါဝင်ဟုဆို၊ ကမ္ဘာ့မြို့တော်ကြီး ၁၆ မြို့မှာ စတင်ဆောင်ရွက်တော့မယ့် ဖန်လုံအိမ် အာနိသင်လျှော့ချရေး အစီအစဉ်သစ်၊ တက္ကစီမင်းနှင့် သိတစ်ကျပ် မသိတစ်ဆယ်၊ ၂၀၀၇ ခုနှစ် ဇွန်လ၁၆ရက်မှ ဇွန်လ၂၂ရက်အတွင်း မွေးဖွားသော မျိုးဆက်သစ်ကလေးငယ်များ၏ ဘဝတစ်သက်တာ ကံဇာတာ၊ ကိုရီးယားရုပ်ရှင်ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား အနုပညာကဏ္ဍများကို ပါရဂူ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ လယ်တွင်းသားစောချစ်၊ မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မြတ်မွန်(ဆူးလေ)၊ အောင်ခြိမ့်မိုး၊ မောင်နေလင်း၊ ရဲဇော်(ဇီးကုန်း) နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

The LIVE NEWS ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ်(၃၁၀) ဝါးတန်းလမ်း မြေညီထပ် အခန်း(၀၀၄) လမ်းမတော်မြို့နယ် ဖုန်း–၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (က–ပ)

အာရှ ယူ–၁၃ ပြိုင်ပွဲဝင်အသင်းမှ ရန်ကုန်တိုင်းကိုယ်စားပြု ဘောလုံးသမားများအား ဂုဏ်ပြု

ရန်ကုန် ဇွန် ၁၄

၂၀၀၇ခုနှစ် ဇွန်၅ရက်မှ၁၀ရက်အထိ မလေးရှားနိုင်ငံတွင်ကျင်းပခဲ့သော အာရှ ယူ–၁၃ ဘောလုံးပွဲတော်၌ ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မြန်မာလူငယ်အသင်းတွင် ရန်ကုန်တိုင်းကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့သော ဘောလုံးသမားများအား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ဂုဏ်ပြုဆုငွေပေးအပ်ပွဲကိုယနေ့နံနက် ၁၀နာရီကတောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်းတွင်ကျင်းပရာ ရန်ကုန်တိုင်းဘောလုံးဆပ်ကော်မတီ ဥက္ကဋ္ဌဗိုလ်မှူးချုပ်မြင့်ဆွေ(ငြိမ်း)၊ ရန်ကုန်တိုင်းအားကစားမှူးဦးသိန်းထွန်းလတ်၊ တိုင်းအားကစားနှင့်ကာယပညာကော်မတီအဖွဲ့ဝင် ဦးခင်မောင်လတ်(အောင်တံခွန်သယ်ယူပို့ဆောင်ရေး)နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင်ရှေးဦးစွာ မြန်မာလူငယ်အသင်း၌ ရန်ကုန်တိုင်း ကိုယ်စားပြု ပါဝင်ခဲ့သော ကစားသမားငါးဦးအား တစ်ဦးချင်းမိတ်ဆက်ပေးသည်။ ဆက်လက်၍ ရန်ကုန်တိုင်း ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်ဆွေ(ငြိမ်း)က ဂုဏ်ပြုအမှာစကားပြောကြားပြီး အားကစားသမားများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ရန်ကုန်တိုင်းကိုယ်စားပြု အသက်(၁၃)နှစ်အောက် မြန်မာလူငယ် ဘောလုံးသမားငါးဦးအား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တစ်ဦးလျှင် ကျပ်ခုနစ်သောင်းငါးထောင်၊ ရန်ကုန်တိုင်း ဘောလုံးဆပ်ကော်မတီ ဥက္ကဋ္ဌက တစ်ဦးလျှင် ကျပ်နှစ်သောင်းငါးထောင်ဖြင့် စုစုပေါင်း တစ်ဦးလျှင် ကျပ်တစ်သိန်းစီ ချီးမြှင့်သည်။ မြန်မာလူငယ်အသင်းတွင် ပါဝင်ခဲ့သော ရန်ကုန်တိုင်းကိုယ်စားပြု ကစားသမားများမှာ စွမ်းထက်အောင်၊ မျိုးဝေလင်း၊ အောင်သူရ၊ ကောင်းဆက်ဦးနှင့် သိန်းထွန်းဝင်းတို့ ဖြစ်ကြသည်။ (ကြေးမုံ)

ရန်ကုန်တိုင်း ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်ဆွေ(ငြိမ်း) အသက်(၁၃)နှစ်အောက် မြန်မာလူငယ်အသင်းတွင် ပါဝင်ခဲ့သော ရန်ကုန်တိုင်းကိုယ်စားပြု ဘောလုံးသမားများအား ဂုဏ်ပြုဆုငွေချီးမြှင့်စဉ်။ (ကြေးမုံ)

ရွှေဘုန်းပွင့်စေတီတော် မျက်ပါးရွှေရာဆိုင်း ရွှေလှောင်အမှိုက်များ တင်ဒါစနစ်ဖြင့်ရောင်းချမည်

ရန်ကုန် ဇွန် ၁၄

ရွှေဘုန်းပွင့်စေတီတော် စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး လုပ်ငန်းတွင် စေတီတော်ကြီးအား ၂"x၂" မျက်ပါးရွှေရာဆိုင်းများ ကပ်လှူပူဇော်ခဲ့ရာ ၂"x၂" မျက်ပါးရွှေရာဆိုင်း ရွှေလှောင်အမှိုက်အဆိုင်း ၄၀၀၀ ကျော် ထွက်ရှိလာခဲ့သည်။ ယင်းရွှေလှောင်အမှိုက်များနှင့် စေတီတော်ကြီး၏ သဲကန်ကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ရာ တင်ဒါပုံစံများကို ရွှေဘုန်းပွင့်စေတီတော် ဂေါပကရုံး (ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ပုဇွန်တောင်မြို့နယ်) ဖုန်း–၂၉၀၄၂၅ တွင် ဇွန် ၁၅ ရက်မှစ၍ ဝယ်ယူနိုင်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ကံမြင့်ကျောင်းတိုက် ဖြူးဆရာတော်တရားပွဲ

ရန်ကုန် ဇွန် ၁၄

ရန်ကုန်တိုင်းစမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးတွင် ဗဟုဇနဟိတရေ ဖြူးဆရာတော်အရှင် နရပတိက ဇွန် ၁၇ရက်နှင့် ၁၈ရက် ည ၇နာရီတွင် ဝိပဿနာတရားဟောကြားမည်ဖြစ်ပါ၍ ကြွရောက်တရားနာယူနိုင်ကြောင်းသိရသည်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅–၆–၂၀၀၇ (သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်	၁၀း၄၀	ကြည်စွအယူခန္ဓာ့အလှူ ခမ္မနှင့်လှု
၇း၀၅	ကုသိုလ်ကောင်းမှုဘာကြောင့်ပြု တရားတော် (ဆရာတော်အရှင်သုမင်္ဂလ)	၁၁း၀၀	တေးဂီတအစီအစဉ်
၈း၀၀	တေးဂီတအစီအစဉ်	၁၁း၀၅	မိုးလေဝသခန့်မှန်းချက်
၈း၀၅	အလှဆုံးအပြုံးများ(စေတနာရှင်ဆရာဝန်ကြီးများ၏ ရေးမြို့နယ် အစင်ကျေးရွာသို့ အခမဲ့ဆေးကုသပေးရေးခရီးစဉ်) (အပိုင်း–၃)	၁၁း၁၀	ကြာဖက်ပေါ်ကရေ (ရာဇာနေဝင်း၊စိုးမြတ်နန္ဒာ) (ဒါရိုက်တာ–မောင်မျိုးမင်း)
၈း၃၀	Myanmar Video Rhythm	၁၁း၂၅	တေးဂီတအစီအစဉ်
၉း၂၀	ပြည်တွင်းသတင်းအကျဉ်း	၁၁း၃၀	ပိုးစာပင်စိုက်ပျိုးခြင်းနှင့် ပိုးမွေးမြူခြင်း
၉း၃၀	တေးဂီတအစီအစဉ်	၁၁း၃၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅	ပန်းတို့၏ဒိုင်ယာရီ	၁၁း၄၅	စားချင်စရာ ငါးချဉ်အရသာ
၉း၅၀	ငွေကြယ်ပွင့်တို့ရဲ့ဖြစ်တည်မှု (ဖြူဖြူကျော်သိန်းနှင့်တွေ့ဆုံခြင်း)	၁၂း၀၀	တေးဂီတအစီအစဉ်
		၁၂း၀၅	မြန်မာပြည်ခရီးစဉ် "ငွေဆောင်ခရီးစဉ်"
		၁၂း၂၀	တေးဂီတအစီအစဉ်
		၁၂း၂၅	နိုင်ငံတကာသတင်းအကျဉ်း
		၁၂း၃၀	ထက်မြက်ထူးခြား Aikido အားကစား
၁၀း၃၀	နိုင်ငံတကာသတင်းအကျဉ်း	၁၂း၅၅	တေးဂီတအစီအစဉ်
၁၀း၃၅	တေးဂီတအစီအစဉ်	၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တာနာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အပူပိုင်းဒေသကြိုးဝိုင်းစစ်ဆေး မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်အားပေး

နေပြည်တော် ဇွန် ၁၄

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇွန် ၆ရက် နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် ငလိုက်ကြိုးဝိုင်းအတွင်းရှိ သစ်တောဦးစီးဌာန ၂၀၀၇-၂၀၀၈ခုနှစ် ကျွန်းအထူးစိုက်ခင်း ဧက ၁၀၀၀သို့ ရောက်ရှိ၍ စိုက်ပျိုးပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်နှင့် တပ်ကုန်းမြို့နယ် ဦးစီးအရာရှိ ဦးမင်းထွဋ်တို့က လိုက်လံရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် တောင်တွင်းကြီးမြို့နယ် ကင်မွန်းတောင်ကြိုးဝိုင်း ၂၀၀၄-၂၀၀၅ ခုနှစ် သီးခြားကျွန်းစိုက်ခင်းဧက ၄၀၀ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မကွေးတိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က စိုက်ခင်းအောင်မြင်ဖြစ်ထွန်းနေမှုများကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး စိုက်ခင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဝန်ကြီးနှင့် အဖွဲ့သည် သစ်မျိုးစုံ(ယင်းမာ)စိုက်ခင်း ဧက ၅၀ သို့ရောက်ရှိရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်နှင့် ညွှန်ကြားရေးမှူး ဦးဝင်းနိုင်တို့က စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပန်းတောင်းမြို့နယ် အမှတ်(၂၃) သစ်စက်၊ ကြံခင်းမြို့နယ် အမှတ်(၁၀၅) သစ်စက်နှင့် အမှတ်(၁၁၆) သစ်စက်များသို့ ရောက်ရှိပြီး ခွဲစိတ်ပြီး သစ်ခွဲသားများအား လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ဝန်ကြီးသည် ဇွန် ၇ရက် ညနေပိုင်းတွင် တောင်တွင်းကြီးမြို့နယ် ကိုးပင်-သစ်ရာကောက် လမ်းမကြီးဘေးရှိ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ၂၀၀၇-၂၀၀၈ ခုနှစ် အခြားစိုက်ခင်း ဧက ၁၀၀ စိုက်ပျိုးထားရှိမှုကို လည်းကောင်း၊ ဇွန် ၈ရက် နံနက်ပိုင်းတွင် မကွေးမြို့ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဒေါင်းနေတိုးချဲ့ ကာကွယ်တော ၂၀၀၇-၂၀၀၈ခုနှစ် ကျေးရွာသုံး ထင်းစိုက်ခင်း ဧက ၂၁၀ စိုက်ပျိုးပြီးစီးမှုများကို လည်းကောင်း၊ ရေနံချောင်းမြို့နယ် ဖန်ခါးစမ်းပျိုးဥယျာဉ်သို့လည်းကောင်း၊ ရေနံချောင်းမြို့နယ် ညောင်တိုအပတော အတွင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ၂၀၀၆-၂၀၀၇ခုနှစ် ကျေးလက်ဒေသသုံး ထင်းစိုက်ခင်း ဧက၂၀၀ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် ၂၀၀၇-၂၀၀၈ခုနှစ် ကျေးလက်ဒေသသုံး ထင်းစိုက်ခင်း ဧက ၂၂၀ စိုက်ပျိုးပြီးစီးမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန မကွေးတိုင်း ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွေးက ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ချောက်မြို့နယ် ရွှေပုံတောင် စိမ်းလန်းစိုပြည်ရေး ဧက ၉၀၀ စိုက်ခင်းသို့ ရောက်ရှိ၍ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မီးသတ်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့၏ ၂၀၀၇ ခုနှစ် မိုးရာသီစုပေါင်း သစ်ပင် စိုက်ပျိုးပွဲတော်ကို တက်ရောက်၍ သစ်ပင်စိုက်ပျိုးပေးပြီး သစ်ပင်စိုက်ပျိုးနေသူများအား လိုက်လံနှုတ်ဆက်သည်။

ဆက်လက်ပြီး ဝန်ကြီးနှင့်အဖွဲ့သည် ရွှေပုံတောင် စိမ်းလန်းစိုပြည်ရေး ဧက ၅၅၀ စိုက်ခင်းအတွင်း တမာပင်များနှင့် ခြစ်သည်းရိုးကြက်ဆူပင်များ ရောနှောစိုက်ပျိုးအောင်မြင်နေမှု၊ ကျွန်းပင်များ စိုက်ပျိုးထားရှိမှု၊ ကွန်တိုဗန်းဖြင့် အပင်ကြီးများ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့် တာဝန်ရှိသူများသည် တုရင်တောင်နှင့် မြကန်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့်နေရာသို့ ရောက်ရှိလာရာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနှင့် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်တို့က ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်ပြီး ဝန်ကြီးနှင့်အဖွဲ့သည် ညောင်ဦးမြို့နယ် မြေသင်းတွင်း ကာကွယ်တောအတွင်း (JICA) အထောက်အပံ့ဖြင့် ဆောင်ရွက်နေသည့် အပူပိုင်းဒေသ သစ်တောစိုက်ခင်း တည်ထောင်ခြင်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ ဂျပန်ပညာရှင်များနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန မန္တလေးတိုင်း ညွှန်ကြားရေးမှူး ဦးကျော်စိုးနိုင် တို့က ၂၀၀၃-၂၀၀၄ ခုနှစ်မှ ၂၀၀၇-၂၀၀၈ခုနှစ်အထိ ငါးနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် JICA စိုက်ခင်းသို့ ရောက်ရှိပြီး အမှတ်တရသစ်ပင် စိုက်ပျိုးပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဗျတ္တ ပန်းဆက်လမ်းတစ်လျှောက် ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်များရှိ ကြျုပင်ကွေ့ ကာကွယ်တောများအတွင်း လမ်းဘေးဝဲ၊ယာ စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး အမှတ်တရသစ်ပင်များ စိုက်ပျိုးပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်ချောက်မြို့နယ် ရွှေပုံတောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။(သစ်တော)

တောင်ကြီးမြို့ အနောက်မြို့ပတ် လမ်းဘေးဝဲ/ယာ(ရွှေမြန်မာပြည်ဆိုင်းဘုတ်အနီး)၌ အုတ်စီရေမြောင်း အရှည် ပေ ၈၃၀ တည်ဆောက်ခြင်းလုပ်ငန်းကို မေ ၂၄ရက်က ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်စိုးတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။(သတင်းစဉ်)

▶ ဦးနှောက်အမြှေးရောင်မှ

ပထမဆင့်စမ်းသပ်မှုပြီးပြီဖြစ်၍ အသက် ၂နှစ်မှ ၂၉နှစ်ရှိ လူသားများပေါ်တွင် ဒုတိယဆင့် ဆက်လက်စမ်းသပ်သွားမည်ဖြစ်သည်။ ထိုသို့စမ်းသပ်ရာ၌ အာဖရိကဒေသရှိ မာလီ၊ ဂမ်ဘီယာနှင့် အနည်းဆုံး အခြားတစ်နိုင်ငံတို့ ပါဝင်မည်ဖြစ်သည်။

ကာကွယ်ဆေးစမ်းသပ်မှုအောင်မြင်မည်ဆိုပါက ထိုဆေး၏တန်ဖိုးမှာ ဆေးချိန် တစ်ခါသုံးလျှင် ဆင့် ၄၀တန်ဖိုး ရှိမည်ဖြစ်ပြီး လာမည့်နှစ်နှစ်နှင့်သုံးနှစ်အတွင်း လက်တွေ့အသုံးပြုလာနိုင်ဖွယ်ရာရှိသည်ဟု ဆိုသည်။

အာဖရိကဒေသတွင် ၁၉၉၆-၉၇ခုနှစ်အတွင်းက ဦးနှောက်အမြှေးရောင်ရောဂါကူးစက်မှုကြီးဖြစ်ပွားခဲ့ရာ လူ ၂၅၀၀၀၀ ကူးစက်ခံခဲ့ရပြီး လူပေါင်း ၂၅၀၀၀အသက်ဆုံးရှုံးခဲ့ရသည်။

အင်တာနက်

စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် စာအောင်ဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၄

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက် စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၏ ပဓာန နာယက တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် အရှင်သုန္ဒရ၏ (၅၂)နှစ်ပြည့် မွေးနေ့အလှူတော်မင်္ဂလာတွင် သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်းစသော လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး တိပိဋက(ဥဘတောဝိဘင်္ဂ) အာဂုံဆောင်တစ်ပါး၊ သီရိလင်္ကာနိုင်ငံမှ မဟာဝိဇ္ဇာဘွဲ့ရတစ်ပါး၊ အစိုးရပထမပြန်အောင် ၁၁ ပါးနှင့် အစိုးရ အဘိဓမ္မာဂုဏ်ထူးအောင် ခုနစ်ဦးတို့အား ဂုဏ်ပြုဆုနှင်းသဘင်ဆင်ယင်မည်ဖြစ်ရာ ၁၃၆၉ ခုနှစ် ပထမဝါဆိုလဆန်း ၃ရက် ဇွန် ၁၇ ရက်(တနင်္ဂနွေနေ့)တွင် အထက်ဖော်ပြပါကျောင်းတိုက်သို့ ကြွရောက်ကြည်ညိုပူဇော်နိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင်နှင့်အဖွဲ့ဝင်များ သန်လျင်မြို့နယ် ကရင်ဆိပ်စံပြကျေးရွာ ရပ်ရွာပညာပဒေသာ ဌာနအတွက် အပ်ချုပ်စက်သုံးခုံးစက်နှင့် စာအုပ်စာတမ်းများကို ပေးအပ်လှူဒါန်းစဉ်။

(ပညာရေး)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ရပ်ရွာပညာပဒေသာ ဌာနများသို့အပ်ချုပ်စက်သုံး ခုံးစက်နှင့် စာအုပ်များလှူဒါန်း

ရန်ကုန် ဇွန် ၁၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်သည် ဒုတိယအဖွဲ့ခေါင်းဆောင် ရန်ကုန် ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါ်ထူးထူးအောင်၊ ဒေသစည်းရုံးရေးမှူး ပါမောက္ခ ဒေါက်တာမိခင်ဆွေသောင်းနှင့် ပညာရေးလုပ်ငန်းအဖွဲ့ခွဲမှ အဖွဲ့ဝင်များ လိုက်ပါလျက် ယနေ့ နံနက် ၈နာရီတွင် သန်လျင်မြို့နယ် ကရင်ဆိပ် စံပြကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာရှိ အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမင်္ဂလအား ဖူးမြော် ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒေါက်တာဒေါ်စန္ဒာအောင်နှင့် အဖွဲ့သည် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ကရင်ဆိပ် စံပြကျေးရွာ ရပ်ရွာပညာပဒေသာဌာန၌ ကျေးရွာ အမျိုးသမီးငယ်များအား စက်ချုပ် သင်ကြားပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့ ပညာရေးလုပ်ငန်း အဖွဲ့ခွဲက အပ်ချုပ်စက်သုံးခုံးစက်နှင့် စာအုပ်စာတမ်းများ လှူဒါန်းပွဲအခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင်နှင့် အဖွဲ့က ကရင်ဆိပ် စံပြကျေးရွာ ရပ်ရွာပညာပဒေသာ ဌာနအတွက် အပ်ချုပ်စက်သုံးခုံးစက်နှင့် စာအုပ် စာတမ်းများကို ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဒေါက်တာဒေါ်စန္ဒာအောင်နှင့် အဖွဲ့သည် သန်လျင်မြို့နယ် သုဓွေးကွင်းစံပြကျေးရွာ ရပ်ရွာပညာပဒေသာဌာနသို့ ရောက်ရှိ၍ ကျေးရွာအမျိုးသမီးများ ဖုန်ခါတံများ ပြုလုပ်နေမှု၊ အဝတ်အထည်များ ချုပ်လုပ်နေမှုနှင့် လူငယ်များ စာပေလေ့လာဖတ်ရှုနေမှုများကို လှည့်လည် ကြည့်ရှုအားပေးသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်နှင့် အဖွဲ့က သုဓွေးကွင်းစံပြကျေးရွာ ရပ်ရွာပညာ ပဒေသာဌာနသို့ စာအုပ်စာတမ်းများ ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာသင်စရိတ်ထောက်ပံ့ငွေ ပေးအပ်ပွဲ ဖျာပုံခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပ

ရန်ကုန် ဇွန် ၁၄

ဧရာဝတီတိုင်း ဖျာပုံခရိုင် ရဲတပ်ဖွဲ့မှူးရုံးရှိ တပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများ၏ သား၊သမီးများအား ၂၀၀၇-၂၀၀၈ခု ပညာသင်နှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ကြေးပေး အပ်ပွဲကို ဇွန် ၁၀ရက် နံနက် ၁၀နာရီတွင် ဖျာပုံခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးစံသိန်းက ပညာသင်စရိတ် ထောက်ပံ့ကြေးပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တက္ကသိုလ်အဆင့်၊ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၃၀ အတွက် ပညာသင်စရိတ် ထောက်ပံ့ငွေ ကျပ် ၁၇၇၀၀၀ကို တပ်ဖွဲ့ဝင် ကိုယ်စားလှယ်များထံသို့ ပေးအပ်ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

ပြည်တွင်းတင်ဒါ အမှတ်စဉ် (၁၀/ ၂၀၀၇-၂၀၀၈)

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ပါပစ္စည်းများပေးသွင်းရန် ချိပ်ပိတ်တင်ဒါများ သတ်မှတ်ပုံစံနှင့်တင်သွင်းနိုင်သည်-

(က)	6 Pocket Panel	(၅၃၅၀၀)	ခု
(ခ)	8 Pocket Panel	(၁၉၇၅၀)	ခု
(ဂ)	Float 32 cm	(၉၁၈၀)	လုံး
(ဃ)	၂" ကျောက်ဆူး	(၈၆၄)	လက်
(င)	ကွန်ကရစ်ကျောက်ဆူး(2' x 6' x 2.5")	(၇၅၆)	လက်
(စ)	Drum Float (H-1 m x Dia-550mm)	(၃၆၈)	ခု
(ဆ)	24 mm နိုင်လွန်ကြိုးအနက်	(၇၄၀၈၈)	မီတာ
(ဇ)	16 mm နိုင်လွန်ကြိုး	(၆၄၀၈၀)	မီတာ
(ဈ)	8 mm နိုင်လွန်ကြိုး	(၁၀၈၀၀၀)	မီတာ
(ည)	5 mm နိုင်လွန်ကြိုးအနက်	(၁၈၃၆၀)	မီတာ
(ဋ)	14" Triangle Net	(၂၅၄၀၀)	ခု
(ဌ)	17" Circle Net	(၁၅၀၀၀)	ခု

၂။ တင်ဒါပေးသွင်းရမည့်နေရာ — ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာန အမှတ်-၉၀၊ကံဘဲ့လမ်း၊ရန်ကင်း၊ ရန်ကုန်မြို့။

၃။ တင်ဒါစည်းကမ်းနှင့် ပုံစံရောင်းချမည့်နေ့ — ၁၅-၆-၂၀၀၇ မှ ၁၈-၆-၂၀၀၇ နေ့ထိ

၄။ တင်ဒါပိတ်သည့်နေ့ — ၁၉-၆-၂၀၀၇ နေ့

၅။ အသေးစိတ်အချက်အလက်များကို လူကိုယ်တိုင်ဖြစ်စေ သို့မဟုတ် တယ်လီဖုန်းအမှတ်-၅၇၈၄၇၀နှင့် ၅၆၄၇၅၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း

အင်တာနက်အားကစားသတင်းများ

ရောဘတ်တိုကားလို့စ် တူရကီတွင်ကစားမည်

မဒရစ် ဇွန် ၁၄

မိမိသည် ရီးယဲလ်မဒရစ်အသင်းတွင် မိမိ၏ဘောလုံးသမားဘဝကို အဆုံးသတ်ရန် မျှော်မှန်းခဲ့သော်လည်း အသင်းပြောင်းရွှေ့ကစားရမည့်ကံကြမ္မာအတွက် မိမိကိုယ်တိုင် အံ့အားသင့်မိကြောင်း ဘရာဇီးနောက်တန်းလူ ရောဘတ်တိုကားလို့စ်က ဗုဒ္ဓဟူးနေ့က ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

အသက် ၃၄နှစ်အရွယ်ရှိ ရောဘတ်တိုကားလို့စ်သည် ကမ္ဘာ့ဖလားအောင်ပွဲရ ဘောလုံးသမားတစ်ဦးဖြစ်ပြီး ယခုဘောလုံးရာသီကုန်ဆုံးသည့်အခါ တူရကီချန်ပီယံဖန်နာဘားဟေ့စ်အသင်း၌ ပါဝင်ကစားရန် နှစ်နှစ်ကန်ထရိုက်စာချုပ် ချုပ်ဆိုလိုက်ပြီဖြစ်သည်။

မိမိသည် အခြားသော ဘောလုံးအသင်း တစ်သင်းသို့ ပြောင်းရွှေ့ရန် မျှော်လင့်ခဲ့ခြင်းမရှိကြောင်း၊ သို့ရာတွင် ဘောလုံးလောက၏ ပြောင်းလဲလာသော အခြေအနေများအရ တူရကီတွင် ဘောလုံးကစားမည် ဖြစ်ကြောင်း၊ ဒေးဗစ်ဘက်ဟမ်းနည်းတူ အသင်းပြောင်းရွှေ့ကစားမည် ဖြစ်ကြောင်း ရောဘတ်တိုကားလို့စ်က ပြောကြားသည်။

အင်တာနက်

ဘရာဇီး နောက်တန်းလူ ရောဘတ်တိုကားလို့စ်။
(ဓာတ်ပုံ - အင်တာနက်)

ပါးမားအသင်း၏ နည်းပြအဖြစ် ဒိုမီနီကိုဒိုင်ကာလိုအား ခန့်အပ်

ရောမ ဇွန် ၁၄

စီးရီးအေ ဘောလုံးပြိုင်ပွဲဝင် ပါးမားအသင်း၏ နည်းပြအဖြစ် ဒိုမီနီကိုဒိုင်ကာလိုအား ခန့်အပ်လိုက်ကြောင်း ယင်းအသင်း၏ အင်တာနက် ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ဒိုင်ကာလိုသည် အသက် ၄၃ နှစ်ရှိပြီး ကလော်ဒီယိုရန်နာရီ၏ နေရာတွင် အစားထိုးမည် ဖြစ်သည်။ ရန်နာရီသည် ယခုလအစောပိုင်းက စီးရီးဘီ ချန်ပီယံ ဂျူဗင်းတပ်စ်အသင်း၏ နည်းပြတာဝန်ကို ရယူခဲ့သည်။

ဒိုင်ကာလိုသည် အီတလီနိုင်ငံ၏ အဆင့်မြင့်တန်း ဘောလုံးပြိုင်ပွဲတွင် နည်းပြအဖြစ် တာဝန်ယူခဲ့သည့် အတွေ့အကြုံမရှိခဲ့ပေ။

သို့ရာတွင် ၎င်းသည် လွန်ခဲ့သည့် ဘောလုံးရာသီ လေးရာသီ၌ မန်တိုဗာအသင်းကို စတုတ္ထတန်း ဘောလုံးပြိုင်ပွဲဝင်အသင်းအဖြစ်မှ စီးရီးဘီအဆင့်သို့ တက်လှမ်းနိုင်ရန် ကြိုးပမ်းနိုင်ခဲ့သူဖြစ်သည်။

အင်တာနက်

ဒိုင်များ၏အဆုံးအဖြတ်ကို ဘောလုံးသမားများလက်ခံသင့်

လန်ဒန် ဇွန် ၁၄

ဘောလုံးသမားများ၊ဒိုင်လူကြီးများနှင့် ဘောလုံးပရိသတ်တို့၏ သုံးပွင့်ဆိုင်ဆက်ဆံရေး တိုးတက်ကောင်းမွန်ရန် လိုအပ်ကြောင်း၊ ဘောလုံးသမားများသည် အရေးကြီးသော ဆုံးဖြတ်ချက်များကို ချမှတ်ပေးရသည့် ဒိုင်လူကြီးများ၏ ဆောင်ရွက်ချက်ကို လက်ခံသင့်ကြောင်း အင်တာမီလန်ကွင်းလယ်ကစားသမား ပက်ထရစ်ဗီယာရာက ယနေ့ ပြောကြားလိုက်သည်။

ပြင်သစ်လက်ရွေးစင် ဘောလုံးသမားတစ်ဦးလည်းဖြစ်သူ ဗီယာရာသည် ၎င်း၏ဘောလုံးသမားဘဝတွင် ၁၂ ကြိမ်ထက်မနည်း ထုတ်ပယ်ခံခဲ့ရဖူးသူဖြစ်သည်။ ၎င်းသည် အာဆင်နယ်အသင်းတွင် ကစားခဲ့စဉ်က နှစ်ပွဲဆက်တိုက် အနီကတ် ပြခံခဲ့ရသည်။

မိမိတို့ဘောလုံးသမားများသည် ဒိုင်လူကြီးများ၏ အဆုံးအဖြတ်များကို လက်ခံရန် လိုအပ်ကြောင်း၊ စိတ်ခံစားချက်အရ မှားယွင်းသော အပြုအမူများအတွက် ရံဖန်ရံခါတွင် မိမိတို့ နောင်တရတတ်ကြောင်း ၎င်းကပြောကြားသည်။ ***အင်တာနက်***

အင်တာမီလန်အသင်း၏ ကွင်းလယ်ကစားသမား ပက်ထရစ်ဗီယာရာ။
(ဓာတ်ပုံ-အင်တာနက်)

နာကာမူရာနှင့် တာကာဟာရာတို့အား ဂျပန်လက်ရွေးစင်အသင်း ခေါ်ယူဖွယ်ရှိ

တိုကျို ဇွန် ၁၄

ဇူလိုင်လတွင် ကျင်းပမည့် အာရှဖလား ဘောလုံးပြိုင်ပွဲ၌ ပါဝင်ကစားမည့် ဂျပန်လက်ရွေးစင်အသင်းအတွက် ဆဲလ်တစ်အသင်းမှ ကွင်းလယ်ကစားသမား ရှန်ဆူကီးနာကာမူရာနှင့် အိန်းထရက်ချ်ဖရန့်ဖတ် အသင်းမှ တိုက်စစ်မှူး နာအိုဟီရိုတာကာဟာရာတို့အား ခေါ်ယူဖွယ်ရှိကြောင်း ဂျပန်လက်ရွေးစင်အသင်းနည်းပြ အီဗီကာအိုဆင်က ယနေ့ပြောကြားသည်။

ပိုမိုကောင်းမွန်သင့်

ဂျပန်လက်ရွေးစင်အသင်းတွင် ပါဝင်မည့် ဘောလုံးသမားအများစုမှာ ဂျပန်အခြေစိုက် ဘောလုံးသမားများ ဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ ဥရောပအခြေစိုက် ဘောလုံးသမားများသည် မိမိတို့ပြည်တွင်းမှ ဘောလုံးသမားများထက် စွမ်းဆောင်ရည် ပိုမိုကောင်းမွန်သင့်ကြောင်း၊ သို့မဟုတ်ပါက မိမိတို့အသင်း နာမည်ပျက်နိုင်ကြောင်း အိုဆင်က ပြောကြားသည်။

အင်တာနက်

ဂျပန် ကွင်းလယ် ကစားသမား နာကာမူရာ။
(ဓာတ်ပုံ-အင်တာနက်)

တိုက်စစ်မှူးဆူယက်ဇိုအား အင်တာမီလန်ခေါ်ယူ

ရောမ ဇွန် ၁၄

အီတလီချန်ပီယံ အင်တာမီလန်အသင်းသည် စီးရီးအေ ဘောလုံးပြိုင်ပွဲတွင် ယင်းအသင်း၏ ပြိုင်ဘက်အသင်းဖြစ်သော ကာဂလီယာရီအသင်းမှ တိုက်စစ်မှူး ဒေးဗစ်ဆူယက်ဇိုအား ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဆူယက်ဇိုသည် ၁၉၉၉ ခုနှစ်တွင် ဟွန်ဒူးရပ်စ်နိုင်ငံရှိ အိုလမ်ပီယာ ဘောလုံးအသင်းမှ ကာဂလီယာရီအသင်းသို့ ရောက်ရှိလာခဲ့သည်။ ကာဂလီယာရီအသင်းသည် ဆူယက်ဇို၏ပထမ ဘောလုံးရာသီ ကုန်ဆုံးချိန်တွင် စီးရီးဘီသို့ တန်းဆင်းခဲ့ရသည်။ သို့ရာတွင် ဆူယက်ဇိုက ၂၀၀၃-၂၀၀၄ ဘောလုံးရာသီအတွင်း ယင်းအသင်း စီးရီးအေသို့ ပြန်တက်နိုင်ရန် ၁၉ဂိုးသွင်း ပေးနိုင်ခဲ့သည်။

အင်တာနက်

အာဆင်နယ်တိုက်စစ်မှူး ဟင်နရီ ဘာစီလိုနာသို့ ပြောင်းမည်ဆိုမှုငြင်းဆို

လန်ဒန် ဇွန် ၁၂

အာဆင်နယ်တိုက်စစ်မှူး သီယာရီဟင်နရီသည် စပိန်ထိပ်တန်း ဘောလုံးကလပ်အသင်းဖြစ်သည့် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီချက်တစ်ရပ် ရရှိခဲ့ပြီဆိုသော မီဒီယာသတင်းများမှာ မှန်ကန်ခြင်းမရှိကြောင်း ၎င်း၏ ကိုယ်စားလှယ်က ယနေ့ ပြောကြားသည်။

ဟင်နရီ၏ကိုယ်စားလှယ် ဂျာရွှမ်းအင်ဒါဆန်သည် ဘာစီလိုနာအသင်း၏ အားကစားညွှန်ကြားရေးမှူးနှင့် လွန်ခဲ့သည့် သီတင်းပတ်က တွေ့ဆုံဆွေးနွေးခဲ့ပြီး ယင်းအသင်းတွင် ဟင်နရီ သုံးနှစ်ပါဝင်ကစားရန် သဘောတူညီခဲ့သည်ဟု ပြင်သစ်ဘောလုံးမဂ္ဂဇင်းက ရေးသားဖော်ပြခဲ့သည်။

မိမိသည် မည်သည့်အခါကမျှ ဘာစီလိုနာအသင်းကို ကိုယ်စားပြုသည့် ပုဂ္ဂိုလ်တစ်ဦးနှင့်မျှ တွေ့ဆုံဆွေးနွေးခဲ့ခြင်းမရှိကြောင်း အင်ဒါဆန်က ပြောကြားသည်။ ***အင်တာနက်***

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လသာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၁အေ၊ မြေကွက်အမှတ် 2nd Northern $\frac{1}{8}$ of II 16၊ မြေကွက်တည်နေရာ အမှတ် ၁၂၄ဘီ၊ စဉ်းအိုးတန်းလမ်း မခင်မြင့် အမည်ပေါက်မြေပိုင်မြေအား အမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ် $\frac{၁၁၂၂/၇၂}{၇-၁၂-၇၂}$ ဖြင့် ဦးချစ်ယုံမှ ဝယ်ခဲ့ပြီး ဦးချစ်ယုံဇနီး ဒေါ်ချိုရင်နှင့် သမီး ဒေါ်တင်မြင့်တို့ ကွယ်လွန်သဖြင့် ဒေါ်ခင်မြင့်(ခ)ဒေါ်စန်းမီ [၁၂/ပဘတ (နိုင်) ၀၂၆၀၄၁]၊ ဦးကျင်မောင် [၁၂/လမတ(နိုင်) ၀၂၂၈၃၁]၊ ဒေါ်စိန်ဖီး(ခ)ဒေါ်ဝင်းမြင့် [၁၂/ဗတထ(နိုင်)၀၂၄၀၇၅]၊ ဒေါ်ဆွေဆွေပြုံး [၁၂/လသန(နိုင်) ၀၀၅၃၂၃] တို့က သား၊သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဂရပ်ဖစ်အနုပညာ သရုပ်ပြရှင်းလင်းမည်

ရန်ကုန် ဇွန် ၁၄

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)က စီစဉ်သည့် ပန်းချီဆရာ ဆန်နီညိမ်း၏ ဂရပ်ဖစ် အနုပညာအကြောင်း သိကောင်းစရာ သရုပ်ပြ ရှင်းလင်းပွဲကို ဇွန် ၁၇ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်း ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို) အစည်းအဝေးခန်းမ၌ ပြုလုပ်မည်ဖြစ်စရာ ဝါသနာရှင်များ တက်ရောက်နိုင်ကြောင်း သိရသည်။

(က-ပ)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် လက်အောက်ခံတပ်ရင်းများ၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲများသို့ တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် ဇွန် ၁၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ရှိ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် လက်အောက်ခံတပ်ရင်းများ၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲများသို့ တက်ရောက်အားပေးချီးမြှင့်ပြီး ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပေးသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်း အစပ်ရှိ ဝမ်းဘောဒတ်တံတားသို့ ရောက်ရှိကြရာ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ပဲခူးမြို့ မဇင်းရေလှောင်တမံအနီးရှိ နယ်မြေခံတပ်ရင်း၏ ခြံစည်းရိုးကြက်ဆူစိုက်ခင်း(၂)သို့ ရောက်ရှိကြသည်။

ထို့နောက် ယာယီရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များအား အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးတင်ထွန်းဦးက အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်းများ၌ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရန် ဧက ၁၁၀၀ လျာထား သတ်မှတ်ထားရာ ၇၀၁ ဒသမ ၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းနှင့် ၃၉၈ ဒသမ ၄ ဧက စိုက်ပျိုးရန် ကျန်ရှိကြောင်းနှင့် ဆက်လက်စိုက်ပျိုးသွားမည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြသည်များနှင့်စပ်လျဉ်း၍ တပ်မမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပဲခူးမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသော ခြံစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

NLD ပါတီသည် နိုင်ငံနှင့် လူမျိုး ဒုက္ခရောက်စေမည့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံရေးလုပ်ရပ်များကို ရှေးရှုဆောင်ရွက်နေ NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှုမရှိ ကျိုက်မရော၊ လှည်းကူးနှင့် အိမ်မဲမြို့နယ်တို့မှ ပါတီဝင် ၁၂ဦးနုတ်ထွက်

ရန်ကုန် ဇွန် ၁၄

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဒေါ်တင်တင်အေး၊ ဦးမောင်စိန်နှင့် ဦးခင်စန်းတို့သည် ဇွန် ၈ရက်တွင်လည်းကောင်း၊ ရန်ကုန်တိုင်း လှည်းကူးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးမောင်ဝင်း၊ ဦးတင်လှိုင်နှင့် ဧရာဝတီတိုင်း အိမ်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော သီးကွင်းကျေးရွာအုပ်စုနေ ဦးဇော်မြင့်၊ ဦးခင်မောင်တင့်၊ ဦးတင်လှ၊ ဦးမောင်ပိန်၊ ဦးဝင်းမြင့်၊ ဦးဘိုဘို၊ ဦးမြင့်ဦးတို့သည် ဇွန် ၉ ရက်တွင်လည်းကောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့်သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စာမျက်နှာ ၇ ကော်လံ ၂ သို့ ▲

မန္တလေးနှင့် စစ်ကိုင်းမြို့ မိုးရေချိန် စံချိန်သစ်တင်

ရန်ကုန် ဇွန် ၁၄

၂၀၀၇ခုနှစ် ဇွန် ၁၄ ရက် မြန်မာစံတော်ချိန် နံနက် ၉နာရီခွဲတွင် အောက်ဖော်ပြပါစခန်းများ၌ ဇွန်လ၏ ၂၄နာရီအတွင်း အများဆုံးရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်များကို တိုင်းထွာရရှိခဲ့သည်-

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန်	စံချိန်ကျိုးသည့်
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ	ကျိုးခဲ့သည့်နှစ်	နှစ်ပေါင်း
၁	မန္တလေး	၂၅၉	၁၀.၂၀	၁၃၈	၅.၄၃	၅-၆-၁၉၆၅	၆၁
၂	စစ်ကိုင်း	၁၃၇	၅.၃၉	၁၀၇	၄.၂၁	၉-၆-၁၉၉၀	၄၂

အင်တာနက် ဆေးသိပ္ပံသတင်း

ဦးနှောက်အမြှေးရောင် ကာကွယ်ဆေးသစ် လာမည့်နှစ်အနည်းငယ်အတွင်း အသုံးပြုနိုင်ဖွယ်ရှိ

ချီကာဂို ဇွန် ၁၄

ဦးနှောက်အမြှေးရောင်ရောဂါကို အကာအကွယ်ပေးနိုင်မည့် ကာကွယ်ဆေးတစ်မျိုးကို အာဖရိကဒေသ၌ စမ်းသပ်ကြည့်ရာ လုံခြုံစိတ်ချရသည်ကိုတွေ့ရကြောင်း သုတေသီများက ဇွန် ၈ရက်တွင် ပြောကြားသည်။

ယခုကာကွယ်ဆေးအသစ်သည် နိုင်ဆီးရီးယား ဦးနှောက်အမြှေးရောင်ရောဂါ (Neisseria)ကို အဓိကထား ကာကွယ်သောဆေးဖြစ်သည်။ ထိုရောဂါသည် အာဖရိကဒေသ ဆာဟာရတိုက်ခွဲဒေသရှိ ၂၁နိုင်ငံကို ဒုက္ခပေးလျက်ရှိသော ရောဂါဖြစ်သည်။

နောက်ဆုံးတွေ့ရှိထားသည့် ဦးနှောက်အမြှေးရောင် ကာကွယ်ဆေးသည် လောလောဆယ် အသုံးပြုနေသော ကာကွယ်ဆေးထက် အဆ ၂၀ ပို၍အစွမ်းထက်ကြောင်း သုတေသီများက ပြောကြားသည်။ ယင်း ဦးနှောက်အမြှေးရောင်ကာကွယ်ဆေးသစ်သည် တစ်နှစ်နှစ်နှစ်သာ ကာကွယ်ပေးနိုင်သည့်ဆေးမျိုးမဟုတ်ဘဲ ဆယ်စုနှစ်နှင့်ချီကာ ကာကွယ်ပေးနိုင်ဖွယ်ရာရှိသည်ဟု ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာအခြေစိုက် ဦးနှောက်အမြှေးရောင် ကာကွယ်ဆေးထုတ်လုပ်ရေးစီမံကိန်းမှ ညွှန်ကြားရေးမှူး ဒေါက်တာအက်မ်မတ်လာဖို့စ်က ပြောကြားသည်။

အဆိုပါ ကာကွယ်ဆေးသစ်ကို ဆီရမ်အင်စတျူအောက်ဖ်အိန္ဒိယက ထုတ်လုပ်ပေးခြင်းဖြစ်သည်။ ယင်းဆေးသစ်ကို မာလီနိုင်ငံနှင့် ဂမ်ဘီယာနိုင်ငံရှိ အသက် ၁၂ လမှ ၂၃လအရွယ် ကလေးပေါင်း ၆၀၁ ဦးတွင် စမ်းသပ်ကြည့်ခဲ့ပြီးဖြစ်သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ▶